စိတ်ကူးချိုချိုအနုပညာ


စာပေဗိမာန်စာမူဆုရ

# မြန်မာ့မြင်း


အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)







ဒုတိယအကြိမ်



# မြန်မာ့မြင်း

အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)

AS0002

3,000.00 KS

မြန်မာ့မြင်း။ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)
စာမျက်နှာ ၂၄၀+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၇ စာပေဗိမာန်၏ပထမအကြိမ်မှ၊

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မြန်မာ့မြင်း

## အောင်စိုး

(တိရစ္ဆာန်ဆေးကုဆရာဝန်)

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏အမှာစာ | (က) |
| ၁။ | မြင်းဟူသည် | ၁ |
| ၂။ | မြင်းမျိုးများ | ၁၄ |
| ၃။ | မြင်းဖွေများ | ၃၄ |
| ၄။ | မြန်မာ့မြင်း | ၅၃ |
| ၅။ | ရှေးခေတ်မြင်းခင်းသဘင် | ၆၉ |
| ၆။ | မြန်မာ့အနုသဘင်နှင့် မြင်း | ၁၄၆ |
| ၇။ | မြင်းလှည်းအမျိုးမျိုး | ၁၅၃ |
| ၈။ | မြင်းသားစပ်ခြင်း | ၁၅၈ |
| ၉။ | ဆေးဖက်ဝင်သောမြင်း | ၁၇၇ |
| ၁၀။ | မြင်းရောဂါများ | ၁၈၁ |
| ၁၁။ | မြန်မာ့မြင်းဆေးနည်းများ | ၂၀၄ |
| ၁၂။ | မြင်းစီးခြင်းဓလေ့ | ၂၂၅ |
| | ◆ ကျမ်းကိုးစာရင်း | ၂၃၁ |
| | ◆ အင်္ဂလိပ်စကားလုံးအညွှန်း | ၂၃၅ |


❑

mgyoe.com

mgyoe.com

ဤစာအုပ်ဖြင့် ကျေးဇူးရှင်
မိဘနှစ်ပါးအား ကန်တော့ပါသည်။

အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)
အမျိုးသားစာပေဆုရ

mgyoe.com

mgyoe.com

# စာရေးသူ၏ အမှာ

"မြန်မာ့မြင်း" ဟူသော အမည်ဖြင့် ဤစာအုပ်ကို ရေးသားပြုစုရာတွင် "မြန်မာ့" ဟု အမည်ပေးလိုက်ရသဖြင့် ကျဉ်းမြောင်းနေမည်လား၊ သို့မဟုတ် "မြန်မာ့" ဟူသည့် စကားရပ်ကို မူပိုင်လုပ်လျက် ကြီးကျယ်နေမည်လားဟု အနည်းငယ် သံသယဝင်မိပါသည်။ သို့သော် မြန်မာမြင်းတို့၏ ထူးခြားသည့် စရိုက်လက္ခဏာ၊ ဝိသေသများကို စီကာစဉ်ကာ ဖော်ပြနိုင်ရန် အားထုတ်ထားပါ၍ ဤစာအုပ်သည် "မြန်မာ့" ဟူသော ကိုယ်ပိုင်ဂုဏ်ပုဒ်နှင့် လျော်ညီသည်မှာ အမှန်ဖြစ်ပါသည်။

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်အနုပညာ စသည်ဖြင့် ထွန်းတောက်ခဲ့သော်လည်း နယ်ချဲ့တို့သည် မြန်မာ့အနုပညာနှင့် ဇာတိမာန်၊ ကိုယ်ပိုင်ဟန်များကို အစပျောက် ဖျောက်ဖျက်ပစ်လိုက်ကြပါသည်။ မြန်မာ့စစ်သမိုင်းတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်ခဲ့သည့် မြန်မာမြင်းသမိုင်းအကြောင်းဆိုင်ရာ စာစုများ၊ မှတ်တမ်းများ၊ ပညာရပ်များလည်း ပပျောက်တိမ်ကောခဲ့ရပါသည်။

စာရေးသူသည် ငယ်စဉ်က ဖခင်ကြီး၏ စာအုပ်စင်မှ မြန်မာစာညွှန့်ပေါင်းကျမ်းကိုဖတ်ရှုခဲ့ရပါသည်။ မြန်မာစာညွှန့်ပေါင်းကျမ်းတွင် ဖော်ပြထားသည့် ကူတိုးကူထော်ရွာရသေ့ကြီး၏ ရွှေတိုးဂါမံ အစချီ မြင်းကြန်ရကန်လင်္ကာကို ဖတ်ရှုခဲ့ရာမှ အစပြု၍ မြင်းတို့၏ အကြောင်းကို စူးစမ်းလိုစိတ် ပေါ်ပေါက်ခဲ့ရပါသည်။ အခန့်သင့်၍ အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်း

mgyoe.com

mgyoe.com
(၁၉၆၅– ၆၇) ၌ တိရစ္ဆာန်ဆေးကု အတတ်ပညာသင်ကြားခဲ့စဉ်၌လည်း မြင်းနှင့်ပတ်သက်သော ခန္ဓာဗေဒ၊ ဇီဝဗေဒ၊ ရောဂါဗေဒတို့အပြင် မြင်းအမျိုးအစားများတွင် နိုင်ငံရပ်ခြားမှ မြင်းများအကြောင်းသာ သင်ကြားခဲ့ရပါသည်။ သို့ဖြစ်၍ မြန်မာတို့၏မြင်းအကြောင်းကို ပိုမိုသိလိုစိတ် ပြင်းပြခဲ့ပါသည်။

မြင်းအကြောင်းကို စာပေအဖြစ် သင်ကြားခဲ့ရသည်မှစ၍ မြန်မာ့မြင်းအကြောင်းကို တတ်ကျွမ်း၊ သိကျွမ်းလိုစိတ်ဖြင့် စာပေများ၊ အရပ်ဓလေ့များကို မြန်မာ့မြင်းဆေးဆရာကြီးများထံ အမြဲမပြတ် ဆည်းပူးလေ့လာခဲ့ပါသည်။ ထိုသို့လေ့လာရာတွင် စာပေအနေနှင့် သုတေသီများရေးသားခဲ့သည့် ပျို့၊ ကဗျာ၊ လင်္ကာ၊ ရကန်များရှိသော်လည်း စုစည်းမှုမရှိခြင်း၊ ဒေသတစ်ခုနှင့် တစ်ခု အခေါ်အဝေါ် အယူအဆများ မတူညီမှုများကြောင့် မိမိအနေဖြင့် မြန်မာ့မြင်းများအကြောင်း သိကောင်းစရာများကို ရေးသားပြုစုရခြင်းဖြစ်ပါသည်။

သို့ လေ့လာဆည်းပူးရင်းမှ စာရေးသူသည် ရှေးဟောင်းကျမ်းတစ်ဆူဖြစ်သည့် လောကဟိတရာသီကျမ်းမှ မြင်းကြန်အင်လက္ခဏာများကိုကောက်နုတ်၍ ၁၉၇၄ ခု၊ ဇူလိုင်လထုတ် မြဝတီတွင် "မြင်းတို့အကြောင်း" ဆောင်းပါးတစ်စောင် ရေးမိသည်မှစ၍ ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် အားထုတ်ရေးသားရန် စိတ်ဆန္ဒပြင်းပြခဲ့ရပါသည်။

စာရေးဆရာကြည်အောင်၏ ၁၉၆၃ ခုနှစ် အနုပညာစာပေ ကဗျာပေါင်းချုပ် ပထမဆုရရှိခဲ့သည့် လမင်းတစ်ရာကဗျာစာအုပ်မှ "ရွှေဘိုမြင်း" ကဗျာသည်လည်း စာရေးသူအား မြန်မာ့မြင်းတို့အကြောင်းကို စာရေးဖွဲ့ရန် အမြဲတိုက်တွန်းနေသကဲ့သို့ ဖြစ်ပါသည်။

ယခု ရေးသားပြုစုလိုက်သော အကြောင်းအချက်တို့မှာ လက်လှမ်းမီသရွေ့ လေ့လာတင်ပြခြင်းသာဖြစ်ပါသည်။ အယူအဆမှုကွဲများ၊ ကွဲလွဲချက်များ ကျန်ရှိနေသည့် ပညာရပ်များရှိခဲ့သော် ညှိနှိုင်းဖြည့်ဆည်းပေးပါ ရန်နှင့် ညှိနှိုင်းဖြည့်စွက်ပေးမည့် သုတေသီများကို ကြိုဆိုလျက် အထူးကျေးဇူးတင်ရှိပါမည်ဟု ပန်ကြားအပ်ပါသည်။

ဤစာအုပ်ရေးသားရာတွင် အကူအညီများစွာ ပေးခဲ့ကြသော စာရေးဆရာ မေမြို့မိုးကြည် ဦးသန်းတင့် (ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်
mgyoe.com

mgyoe.com

ကုသရေးဦးစီးဌာန၊ အင်းစိန်မြို့)၊ ဦးသန်းမောင် (စာရေးဆရာ မင်းနွယ်)၊ စာရေးဆရာ ငွေးမောင်၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၊ ဦးသော်ကောင်း (ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး) နှင့်တကွ ဝန်ထမ်းများ၊ ဦးသန်းထွန်း၊ (သန်းထွန်း– စက)၊ မန္တလေးတက္ကသိုလ် သမိုင်းဌာန ဆရာ ဆရာမျာ း၊ ဆရာတော် ဦးပညာဇောတ (တောင်လေးလုံး ကျောင်းတိုက်၊ အမရပူရမြို့)၊ ဦးစိုးမြင့် (လက်ပံနီ)၊ ဦးမောင်မောင်သန်း (တောင်တွင်း ထက်ကောင်း)၊ ဦးစောလွင် (မွေးကုဦးစီး၊ ပွင့်ဖြူမြို့)၊ ဦးသန်းဆောင် (စိုက်ပျိုးရေးခြံ) နှင့် ဝန်ထမ်းများ၊ ဦးအောင်သိန်း (ရွှေပန်းထိမ်ဆရာ၊ ပွင့်ဖြူမြို့)၊ ဦးငွေးဝင်း (မြို့နယ်သမ/အသင်း၊ ပွင့်ဖြူမြို့)၊ ဦးသန်းရွှေ၊ ဦးမောင်မောင်၊ ဦးချိုတူး (ပွင့်ဖြူမြို့)၊ ဦးကြည်ဝင်း၊ ဦးလှမြင့် (မွေးကုဦးစီး၊ အင်းစိန်)၊ ဦးသန်းထွန်း (လယ်ကိုင်း)၊ ဦးစောလှ၊ ဦးမောင်မောင်အေး၊ ဦးဝင်း (မြင်းလှည်းအဖွဲ့၊ ပွင့်ဖြူမြို့)၊ ဦးဘခင် (မြန်မာဆေးဆရာကြီး၊ ဆင်ဖြူကျွန်းမြို့)၊ ဦးသိန်း (မြန်မာဆေးဆရာ၊ မုန်းနားစု)၊ ဦးကြည်၊ ဦးဝင်းတင့်၊ ဦးစံငြိမ်း (မြန်မာမြင်းလှည်းဒေါက်ဖိုဆရာ၊ လယ်ကိုင်း)၊ ဦးငြိမ်း ကျော်နှင့် ဦးမြဦး (ရန်ကုန်မြင်းစီးအသင်း အလုပ်အမှုဆောင်များ)၊ ဦးမြစိန် (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ)၊ ဦးသန်းဝင်း (ရတနာပုံ ကြေးဆိုင်၊ ရွှေတိဂုံဘုရား ရန်ကုန်မြို့)၊ ပန်းချီဒီဇိုင်းများ ရေးဆွဲပေးသည့် ဦးလှကို (အလယ်တန်းပြ၊ ပွင့်ဖြူအထက)နှင့် ကဗျာဆရာ အောင်သိန်းဝင်း (ပွင့်ဖြူ)၊ သတ်ပုံများ စိစစ်ပေးသည့်ဇနီးသည် ဒေါ်ရီရီငွေးတို့အား အထူး ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)

မှတ်ချက်။ ။ ဤစာအုပ်တွင်ကိုးကားဖော်ပြသော စာသားကို မူလစာအုပ်ပါ မူအတိုင်း ဖော်ပြထားပါသည်။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အခန်း (၁)

# မြင်းဟူသည်

**မြင်းဘာယ်ကစ**

မြန်မာ့မြင်းကို မဆိုမီ ကမ္ဘာပေါ်တွင် ပေါ်ပေါက်ခဲ့သည့် မြင်းတို့ အကြောင်းကို စူးစမ်းလေ့လာ တင်ပြချင်ပါသည်။

မြင်းသည် ကမ္ဘာပေါ်တွင် ရှေးနှစ်သန်းပေါင်းများစွာကပင် ပေါ်ပေါက်ခဲ့ပါသည်။ နှစ်ပေါင်း သန်းပေါင်း ၆၀၀ ခန့်ကပင် ပေါ်ပေါက်ခဲ့သည်။ ကမ္ဘာဦး မြင်းသည် အီအိုဟစ်ပတ်စ် ' ဟု ခေါ်သည့် ကာလကကြောင် သို့မဟုတ် ခွေး အရွယ်သာ ရှိသည်။ ရှေ့ခြေတွင် ခွာလေးခု၊ နောက်ခြေတွင် ခွာသုံးခု ရှိသည်။ အလွန်ထူးဆန်းသော တိရစ္ဆာန်ဖြစ်ပြီး သွားချွန်အစွယ်ကလေးများ ပါသည်။ ရန်သူအလွန်များ၍ အခြားတိရစ္ဆာန်များ၏ လိုက်လံသတ်ဖြတ်မှုကို ကြောက်လန့်တကြား ပြေးလွှား ရှောင်တိမ်းနေခဲ့ရသည်။ ထိုသို့ပြေးလွှား သည့်အခါ လျင်မြန်စေရန် ခုန်၍သွားလာကြသည်။ ခုန်၍ သွားလာရင်း အလယ်ခြေချောင်းကို အသုံးပြုခြင်းကြောင့် ဘေးခြေချောင်းများကို အသုံးပြုမှု နည်းလာသည်။ ထိုအခါ ဘေးခြေချောင်းကလေးများ ပျောက်ကွယ်သွားပြီး မြင်းခွာတစ်ခုတည်းသာ ကျန်တော့သည်ဟု ဆိုပါသည်။

မြင်း၏ သမိုင်းအစကိုလေ့လာလျှင် လူ၏ သမိုင်းအစကို လေ့လာ သည်ထက် ပိုမိုအလှမ်းဝေးကွာမည်ဖြစ်ပါသည်။ နှစ်သိန်းပေါင်းများစွာကို

mgyoe.com

mgyoe.com

ကျော်ဖြတ်လာရင်း အီအိုဟစ်ပတ်စ်သည် တဖြည်းဖြည်း ကြီးထွားလာသည်။ ၎င်း၏ လည်ပင်းသည်ရှည်လာပြီး ခြေထောက်တွင် ခြေချောင်းကလေးများ မရှိတော့ဘဲ ခွာတစ်ခုတည်း ကျန်ရှိတော့သည်။ ရေခဲခေတ်ကိုကျော်ဖြတ်ရင်း မြင်းသည် အမေရိကတိုက်မှ အာရှတိုက်ဘက်ဆီသို့ ပျံ့နှံ့လာသည်ဟု ဆိုကြပါသည်။ အချို့ကလည်း မြင်း၏အစ အာရှမှဟု ဆိုကြပါသည်။

မီဆိုဟစ်ပတ်စ်[၂] ဟု မြင်းကို ခေါ်သည့်ကာလတွင်မူ မြင်းသည် အလွန်သေးငယ်သော မြင်းကလေးနှင့် တူလာသည်။ လုပလာသည်။ မီဆိုဟစ်ပတ်စ်ဘ၀နှင့် နှစ်ပေါင်း ၁၀ သန်းလွန်မြောက်လာသောအခါ မြင်း၏ ပုံသဏ္ဌာန်အဆင့်ဆင့်သည်လည်း တိုးတက်ပြောင်းလဲလာသည်။ မြင်း၏ မျိုးစုအစဖြစ်သည့် အီကွပ်စ်[၃] အဖြစ်ရောက်လာသည်။ ထို့နောက် မြင်းကို အီကွပ်စ်ကဘလပ်စ်[၄] ဟု ခေါ်လာသည်။ အီကွပ်စ်မှာ မျိုးစုဖြစ်၍ ကဘလပ်စ် မှာ မျိုးစိတ်ဖြစ်ပါသည်။

အီကွပ်စ်များသည် သန်စွမ်းလာကြပြီးနောက် နှစ်တစ်သန်းကို လွန်မြောက်လာကြသည့်အခါ တစ်ကမ္ဘာလုံးသို့ လှည့်လည်ကျက်စား သွားလာကြသည်။

နှစ်ပေါင်း နှစ်ထောင်ကျော်အထက် ခရစ်တော်မပေါ်မီကာလက အီဂျစ်ပြည်တွင် မြင်းလူများရှိခဲ့ကြောင်း ဆိုခဲ့ကြသော်လည်း သမိုင်း အထောက်အထားများနှင့် သိပ္ပံနည်းကျ ဆန်းစစ်လိုက်သောအခါ ပုံပြင်များ သဖွယ် ဖြစ်ပါသည်။ ဦးချိုတစ်ချောင်းတည်းရှိ၍ ကောင်းကင်သို့ ပျံနိုင်သော ယူနီကွန်း မြင်းပုံပြင်ကဲ့သို့ပင် ဖြစ်ပါသည်။

သို့ဖြစ်၍ အီဂျစ်တို့သည် မြင်းနှင့် စတင်ယဉ်ပါးခဲ့သော လူမျိုးများ ဖြစ်ကြောင်းနှင့် မြင်းယဉ်၏ အထောက်အထားများကို စတင်တွေ့ရှိခဲ့ကြပါ သည်။

ခရစ်တော်မပေါ်မီ ဘီစီ ၂၀၀၀ ခန့်က ဘေဘီလုံနိုင်ငံတွင်လည်းကောင်း၊ ဘီစီ ၁၇၀၀ ခန့်က အီဂျစ်နိုင်ငံတွင်လည်းကောင်း၊ မြင်းယဉ်များကို စတင် အသုံးပြုနေကြောင်း သမိုင်းအထောက်အထားများကို ရှာဖွေတွေ့ရှိခဲ့ရသည်။

ကျောက်ခေတ်တွင် မြင်းကို ခိုင်းစေရန် အသုံးမပြုဘဲ အသားစားသုံးရန် အမဲလိုက်ခံသတ္တဝါအဖြစ် အသုံးချသည်။ ကြေးခေတ်တွင်မူ တူးဖော်ရရှိသော

mgyoe.com

မြင်းရုပ်ကြွင်းများမှ ဇက်ကြိုးကွင်း၊ ကြေးကွင်းများ တွေ့ရှိရသည်ကို ထောက်ရှု၍ မြင်းကို ခိုင်းစေအသုံးပြုလာပြီဖြစ်ကြောင်း ခန့်မှန်းရပါသည်။

ဘီစီ ၁၀၀၀ ခန့်တွင်မှ အီဂျစ်နှင့် အာရေဗီယန်တို့သည် စစ်ပွဲတွင် မြင်းများကို အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း အထောက်အထားများ တွေ့ရပါသည်။ ဂရိတို့၏ စစ်မြင်းကြောင်းဆိုင်ရာ ရှေးဟောင်းရုပ်ကြွင်း အထောက်အထားများကိုလည်း ဗြိတိသျှပြတိုက်တွင် တွေ့နိုင်ပါသည်။

အေဒီ လေးရာစုခေတ်တွင် ပလေတိုက ကလေးသူငယ်များအား "၎င်းတို့၏ အရဏ်ဦးအချိန်များကို မြင်းစီးလေ့ကျင့်ရင်း အချိန်ကုန်စေရမည်။ ၎င်းတို့ အရွယ်ရောက်လာလျှင် စစ်ပွဲများကို မြင်းနှင့်ဦးဆောင်စေရမည်" ဟု အတွေးအခေါ်သစ်တစ်ရပ် ဖွင့်ဆိုခဲ့ပါသည်။

ဂရိပြည့်ရှင် အလက်ဇန်းဒါး သည်ဂရိတ် ၅ ဘုရင်မင်းမြတ်သည် ၎င်း၏ ဖခင်ထံမှ နက်မှောင်၍ ဖိတ်ဖိတ်တောက် ပြောင်လက်နေသည့် မြင်းတစ်ကောင်ကို လက်ဆောင်ရရှိခဲ့သည်။ အလွန်ရိုင်းစိုင်းဟန်ရှိသော်လည်း ၎င်းမြင်းကို အလက်ဇန်းဒါးသည် ဂရိတ်သည် ဘူဆက်ဖလပ်[6]ဟု အမည်ပေးပြီး အိန္ဒိယနိုင်ငံကို အောင်နိုင်သည့်အခါ မြင်းကိုဂုဏ်ပြုသောအားဖြင့် မြို့တစ်မြို့ကို မြင်း၏အမည် ဘူဆက်ဖလပ် ဟု ခေါ်တွင်စေခဲ့သည်။

အလက်ဇန်းဒါးပြီးနောက် ရာစုနှစ်အနည်းငယ် နောက်ကျခဲ့သည့် ဆီဇာဘုရင်မင်းမြတ်သည် လည်းကောင်း၊ နော်မန်တို့၏ သူရဲကောင်း အာသာဘုရင်သည်လည်းကောင်း မြင်းစီးသူရဲကောင်းများ ဖြစ်ကြသည်။

မြင်းသံခွာသည်ကား အေဒီ ၁၀ ရာစုတွင် ဥရောပတိုက်၌ စတင်ပေါ်ပေါက်ခဲ့ပါသည်။

ဥရောပတွင် ဘီစီ ၁၇၀၀ မှ ၁၈၀၀ အတွင်း ပရပ်ရှားပြည် အရှေ့ဘက်မှ တောင်ဘက်ဆီအထိ ကျက်စားသော မြင်းအားလုံးမှာ တာပိန်မျိုးမှ ဆင်းသက်လာသည်ဟု ဆိုကြပါသည်။

မြင်း၏ ကိုယ်နေဟန်အချိုးအစားသည် လှပခြင်း၊ ဟန်အမူအရာသည် ကြော့ရှင်းတင့်တယ်ခြင်းတို့နှင့် ပြည့်စုံပါသည်။ ထာဝရဘုရားသခင်သည် မိန်းမတို့၏ လှပချစ်စဖွယ်ကောင်းခြင်းနှင့် ယောကျာ်းတို့၏ ခွန်အားစွမ်းပကားကို ပေါင်းစပ်၍ မြင်းဟူသော သတ္တဝါတစ်ကောင်ကို ဖန်ဆင်းတော်

mgyoe.com

mgyoe.com


မှုသည်ဟု အဆိုအမိန့် တင်စားချက်များ ရှိပါသည်။

သို့ဖြစ်၍ လှည်းခေတ်၊ လှေခေတ်က တိုင်းပြည်အရှင် ဘုရင်မင်းမြတ်တို့သည် မြင်းကောင်းမြင်းမြတ်များကို နှစ်သက်မြတ်နိုးခဲ့ကြသည်မှာ ယုံမှားဖွယ် မရှိပါပေ။ တစ်ဆင့်ပြီးတစ်ဆင့် အိုဟီးပတ်စ်မှ အီကွိုင်းအထိ အဆင့်ဆင့် ပြောင်းလဲလာသည့် မြင်းတို့သည် ယခုအခါတွင် လှပသောတိရစ္ဆာန်တစ်မျိုး အဖြစ် ရပ်တည်နေသည်မှာ ငြင်းနိုင်ဖွယ်ရာမရှိချေ။

**မြင်းဟူသည်ကား**

မြင်း၏ အမည်ပရိယာယ်ကို မြန်မာတို့၏ ကျမ်းစာပေများတွင် အောက်ပါအတိုင်း ဖွင့်ဆိုကြပါသည်။

မြင်းဟူသော အမည်လက္ခဏာတစ်ပါးကား သုခဝါဟီ–အရှင်ကို ချမ်းသာစွာဆောင်ရွက်လေ့ရှိ၏။ ဝိနိတော– အရှင်ကိုပင် ချမ်းသာစွာ ဆောင်ရွက်လေ့ရှိ၍ လက်နက်ထိသော်လည်း အရှင်ကို မစွန့်ပစ်သောမြင်း။ ဃောဝတော– မြင်းယုတ်မာ၊ ခဠုင်္ကော– မြင်းကြမ်းလည်းဖြစ်သည်။ ဇဝနော– လျင်မြန်သော မြင်းဟူ၍ဖြစ်ပါသည်။

ကမ္ဘာဦးတွင် လူတို့ဖြစ်ပေါ်ပြီးနောက် ဇာတိဿရအိုင်တွင် ကြာဖြူတစ်ပွင့်၊ ကြာနီတစ်ပွင့် ပေါ်ပေါက်ကုန်သည်။ ကြာနီက မြင်းနီအထီး၊ ကြာဖြူက မြင်းဖြူအမ။ သန္ဒေတဇ– ပဋိသန္ဓေ တည်ရှိသည်ဖြစ်၍ ကြာနီမှ မြင်းနီသည် နေဗိမာန်သို့ရောက်ပြီး သူရိယအဿ ဟု တွင်သည်။ ကြာဖြူမှ မြင်းဖြူသည် လဗိမာန်သို့ရောက်၍ စန္ဒရအဿဟု တွင်ပါသည်။

ထိုသူရိယအဿမြင်းနှင့် စန္ဒရဿမြင်းတို့ စုံဖက်ရာ သိန္ဓောမျိုး၊ ဝေဠာ ဟကမျိုး၊ ကောင်းကင်ခွဲမျိုး၊ တိမ်တိုက်ကွန့်မြူးမျိုး၊ ရွှေစင်တုနှိုင်းမျိုး၊ စသည်တို့သည် ကောင်းကင်တိမ်ညွန့်တို့အကြား မြင်းမိုရ်တောင်ခြေ၊ နဝရတ်အိုင် စသည်တို့၌ ဖြစ်ထွန်းကြပါသည်။

လူ၌ဖြစ်သော လောမျိုး၊ လှိုမျိုး၊ ပွေးမျိုး၊ ပုစဉ်းမျိုး၊ ဝါပလေးမျိုး၊ မြည်းမျိုးစသော ခြောက်မျိုး၊ ပေါင်းနှစ်ခု၊ ဆယ်တစ်စုတို့သည် တစ်စတစ်စ ဖြစ်ပွားလာကြသည်ဟု ဆိုကြပါသည်။

mgyoe.com

mgyoe.com

ယောအတွင်းဝန် ဦးဘိုးလှိုင်၏ အဿဗေဒမြင်းကျမ်းတွင်မူ အောက်ပါအတိုင်း ဖော်ပြထားသည်။

> ပေါက်ဖွားရာဒေသကိုလိုက်၍ မြင်းတို့၏ အခေါ်အဝေါ်များသည်လည်း အများအပြား ရှိကြ၏။ မြန်မာနိုင်ငံ၌ ပေါက်ဖွားသော မြင်းကို မြန်မာမြင်း ဟူ၍လည်းကောင်း၊ ဓနွေဟုခေါ်သော သိန္ဓုနိုင်ငံ၌ ပေါက်ဖွားသောမြင်းကို သိန္ဓောမြင်းဟူ၍ လည်းကောင်း၊ အာဖဂန်နိုင်ငံ ဝါနာယုအရပ်၌ ပေါက်ဖွားသော မြင်းကို ဝါနာယုဇမြင်းဟူ၍ လည်းကောင်း၊ ပရပ်ရှားအရပ်၌ ပေါက်ဖွားသောမြင်းကို ပါရာသိကမြင်းဟူ၍ လည်းကောင်း၊ ကမ္ဘောဇအရပ်၌ ပေါက်ဖွားသောမြင်းကို ကမ္ဘောဇမြင်းဟူ၍ လည်းကောင်း၊ အာရပ်နိုင်ငံ၌ ပေါက်ဖွားသောမြင်းကို အာရပ်မြင်းဟူ၍လည်းကောင်း အသီးသီးခေါ်ကြသည်။
>
> သိန္ဓောမြင်းမျိုးသည် အပြေးအသွားတွင် အလွန်တရာမှ လျင်မြန်လှသော ရှေးကျမ်းလာမျိုးကောင်းများ ဖြစ်ကြ၏။ အနီရောင်၊ မန်ကျည်းစေ့ရောင်ရှိပြီး မည်းနက်သော ခြေလေးချောင်းရှိ၏။ သိန္ဓောမြင်းက အပြေး အလွန်လျင်မြန်လွန်း၍ ကောင်းကင်ပျံမျိုးဟု တင်စားခေါ်ဝေါ်လေ့ရှိသည်။ ပြေးသော မြင်းကို ပီပီပြင်ပြင် မြင်နိုင်စွမ်းမရှိဟု ဆိုသည်။ မြင်း၏ ခြေတွင် ကမ္ဗလာနီကိုချည်၍ ပြေးစေမှသာ မီးစကိုကိုင်၍ လှည့်သော မီးဝန်းကဲ့သို့ မြင်ရသောဟူ၏။ ရေကန်သို့သက်၍ ဖြတ်ပြေးသော် ခွာကို ရေမစို။ ရေကန်တွင်းရှိ ကြာဖက်များကို နင်း၍ ပြေးစေကာမူ ကြာဖက်တို့ စုတ်ခြင်း၊ ပြတ်ခြင်း၊ အလျဉ်း မရှိဟု ဆို၏။ ဤမျှ လျင်မြန်လွန်း၊ မျိုးကောင်းလွန်း၍ အဖိုး အနဂ္ဃထိုက်သောကြောင့် ရှေးမင်းတို့က သိန္ဓောမြင်းကို တိုင်းပြည်ထက်ဝက်ပင် ပေးဝယ်သောဟူ၏။ စကြဝတေးမင်းတို့ စီးနင်းသော ဝလာဟကမြင်းသည် သိန္ဓောမြင်းအနွယ်ဝင်ဖြစ်သည်ဟု ဆိုစမှတ်ပြုကြသည်။

အထက်ဖော်ပြပါ မြင်းတို့၏ အခေါ်အဝေါ်များမှာ မြင်းတို့မွေးဖွားရာ

mgyoe.com

mgyoe.com

အရပ်ဒေသကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်။ မြင်းတို့၏ မျိုးစုကို အခြေခံသည့် မြင်းအမည်များမှာ ပကတိမြင်းမျိုး၊ မြည်းမျိုး၊ အဿတိုရ်ရမြင်းမျိုး၊ သေဋ္ဌတိုရ်ရမြင်းမျိုးနှင့် ဝလာဟကမြင်းမျိုးဟူ၍ ငါးမျိုးရှိကြောင်း ဖော်ပြထားပါသည်။ ဆက်လက်၍ ယောမင်းကြီး၏ စာအုပ်တွင်–

> မြည်းမျိုးသည် မြင်းမျိုးငါးပါးတွင် ယုတ်ညံ့သော အမျိုးဖြစ်၏။ ထို့ကြောင့် ဒုကနိပါတ်ဝါလေဒက ဇာတ်တော်တွင် စပျစ်သီး (မုဒရက်သီး) အဖျော်အပေါ် အရည်ကြည်ကို သိန္ဓောမြင်းတို့ သောက်သုံးသော်လည်း မယစ်မူး။ အကျန်၊ အရည်ဖတ်ကို မြည်းတို့အား သောက်သုံးစေသော် ယစ်မူးခြင်းဖြစ်၏ဟု

ဘုရင်မင်းမြတ်အား ဘုရားလောင်းအမတ်ကြီးက လျှောက်ထားခဲ့ကြောင်း ဖော်ပြထားပါသည်။

> မြည်းကို ပကတိမြင်းမနှင့် သင့်မြတ်စေ၍ မွေးဖွားလာလျှင် အဿတိုရ်ရမည်၏။ လောဟုခေါ်သည်။ မြင်း၌ရှိသော အစွမ်းသတ္တိနှစ်ပါး (သည်းခံခြင်း၊ လျင်မြန်ခြင်း) နှင့် မြည်းတွင်ရှိသော အစွမ်းသတ္တိသုံးပါး (အင်အားကုန်ခန်း၍ ပင်ပန်းသော်ငြားလည်း ဝန်ကို မခါ မချ ရွက်ဆောင်၏။ ချမ်းသည်၊ ပူသည် မအောက်မေ့။ မြက်၊ ရေ၊ အစာမရွေး ရရာနှင့် ရောင့်ရဲခြင်း) ရှိသည်။ ယင်းအစွမ်းများကို ပေါင်းစပ်၍ ထူးခြားကောင်းမွန်သည့်မျိုး ရရှိသည်။

အာဇာနည်မြင်းမနှင့် မြည်းတို့စပ်၍ ရလျှင် သေဋ္ဌတိုရ်ရမြင်းဟူ၍ ခေါ်ကြောင်းလည်း ပြဆိုထားပါသည်။

အစွမ်းသတ္တိကိုအစွဲပြု၍ ဝလ္လဘာ= မြင်းမြတ်၊ ဟယောတ္တမ= မြင်းမြတ်၊ ဇဝန= မြင်းပြေး၊ ဇဝါမိက= မြင်းပြေး၊ ပဇဝီ= မြင်းပြေး၊ အဿမေဓိယ= ယဇ်ပူဇော်သောမြင်း၊ ရထ္ထ= ရထားကသော မြင်းဟူ၍ ခွဲခြားပြဆိုထားပါသည်။

ယောမင်းကြီးသည် အဿဗောဒ မြင်းကျမ်းပြုစုခဲ့သည်မှာ ၁၂၃၃ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက် (၂–၈–၁၈၇၁) နေ့ ဖြစ်ပါသည်။ သုတ်၊ နိပါတ်၊ အဋ္ဌကထာ၊ သံယုတ်၊ ဋီကာနှင့် သက္ကတကျမ်း၊ အဘိဓာန်ကျမ်း စသည်တို့နှင့်

mgyoe.com

သိုးဆောင်းတို့၏ကျမ်းများကိုပါ ကိုးကားသည်ဟု ဖော်ပြထားပါသည်။ ဘိုးတော်ဘုရားလက်ထက် ကူထိုးကူထော်ရွာ ရသေ့ကြီး (လူအမည် ဦးနိုး) စီကုံးသည့် မြင်းကြန်လင်္ကာပါ အချက်များနှင့်ပတ်သက်၍ မြင်းမျိုးတို့၏ အကြောင်းအရာများနှင့် အဆိုအမိန့်များကို မလိုက်လျောဘဲ ခေတ်မီသည့် မြင်းကျမ်းတစ်ဆူဖြစ်သည်ကား ယုံမှားဖွယ်ရာ မရှိပါ။

မြင်းခြံမြို့၊ တရားစာရေးကြီး ဦးစော၏ ၁၉၁၀ ပြည့်နှစ်၊ မန္တလေးမြို့၊ ဆိုင်းတန်းရပ်၊ ရတနသိဒ္ဓိစာပုံနှိပ်တိုက်မှ ထုတ်ဝေသည့် အဿဒီပနီမြင်းကျမ်းတွင်မူ ရွှေတိုးဂါမံအစချီ ဦးနိုး၏ မြင်းကြန်လင်္ကာကို ကိုးကား၍ လည်းကောင်း၊ အာဒိကပ္ပကျမ်းလာကို ကိုးကား၍လည်းကောင်း ဖော်ပြထားသည်ကို ဖတ်ရှုမှတ်သားရပါသည်။

စာရေးသူအနေဖြင့် လက်လှမ်းမီသော ကျမ်းအဆောင်ဆောင်တို့မှ ထုတ်နုတ်တင်ပြ ကိုးကားခြင်းသာ ဖြစ်ပါသည်။ အယူအဆသစ် တင်ပြခြင်း မဟုတ်ပါ။ ရှေးစာဆိုများ၏ အဆိုအမိန့်များကို ဝေဖန်ရှိုင်းယှဉ်ခြင်း မဟုတ်ပါ။ မူကွဲများကို တင်ပြခြင်းဖြစ်ပါသည်။

### မြင်းပုံမျိုးငါးပါး

မြင်းကြန်အင်လက္ခဏာကို အမိကား အဿမုခိ၊ အဖကား အဿဝတီတို့မှ ဖွားမြင်သော ဦးခေါင်းကား မြင်း၊ ကိုယ်ကား လူကိုယ်နှင့် အဿမုခိသည် ရသေ့ပြုနေပါသည်။ ထိုအဿမုခိရသေ့သည် ညအခါ ကောင်းကင်၌နေ၍ တိမ်ညွန့်ကိုစားသုံးပြီး၊ နေ့အခါ နဝရတ်ရေအိုင်၊ ဝဥ္စပျားပိတုန်း၊ ခြံရံသော ကြာတော၌ နေပါသည်။ ထိုရသေ့သည် ကမ္ဘာ့တန်ဆာ စကြဝဠာတံတိုင်း၌ရှိသော မြင်းကြန်ကို နှုတ်ရကျက်၍ မဟာသမတမင်းကြီးအား ပေးဆက်သည်ဟူ၍ အဿမုခိကျမ်းရင်းတွင် ဆိုပါသည်။

အာဒိကပ္ပကျမ်း အလိုအရ မြင်းပုံမျိုးငါးပါးမှာ (၁) သိန္ဓောမြင်းမျိုး၊ (၂) ဝေဥ္စာဟကမြင်းမျိုး၊ (၃) ကောင်းကင်ကွဲမြင်းမျိုး၊ (၄) တိမ်တိုက်ကွန့်မြူးမြင်းမျိုးနှင့် (၅) ရွှေစင်တုနှိုင်းမြင်းမျိုးတို့ ဖြစ်ပါသည်။

(၁) သိန္ဓောမြင်းမျိုး ။ ။ အနောအတ္တအိုင်၏ မြောက်မျက်နှာမှ

mgyoe.com

mgyoe.com

သုဒသနတောင်ကိုထွင်း၍ထွက်သော အဿမုခိပြွန်၏မြစ်ရေသည် မြောက်သမုဒ္ဒရာသို့ စီးဆင်းသည်။ ၎င်းမြစ်ရေကို အမှီပြုလျက် မြင်းပျံမျိုး ငါးပါးစလုံး နေသည့်အနက် သိန္ဓောမြင်းမျိုးသည် သိန္ဓဝတောင်တွင် နေပါသည်။

၎င်းမြင်း၏အဆင်းသည် သပြေသီးမှည့်၊ မရမ်းစေ့ရောင်၊ မန်ကျည်းစေ့ရောင် အဆင်းချင်းချင်းနီလျက် ရွှဲ့ရွှဲ့ပြောင်သော ကိုယ်အမွေးရှိသည်။ ခွာလေးဘက်၊ ပိတုန်းတောင်အဆင်းကဲ့သို့ မည်းမည်းမှောင်လျက် ဖိတ်ဖိတ်လက်သော အမွေးရှိသည်။ လည်ရင်းကြီး၍ လည်ဖျားသေး၏။ အမြီးဆံဦးစွန်း ချင်းချင်းနီသော အရောင်ရှိသည်။ နှာရောင်တန်းတန်း ဖြောင့်ဖြောင့်ရှိသည်။ မျက်လုံးမျက်ဆံ ကြည်ကြည်လင်လင်၊ ဝရဇိန်ရွဲလုံးကိုတင်၍ တပ်ထားသကဲ့သို့ ရှိသည်။ အမြီးဆံသည် အရင်းမှကွေးညွှတ်လျက် မရှုပ်မထွေး သေးသေးမျှင်မျှင်ရှိ၏။ ခွာလေးလုံးသည် မှောက်ထားသော ဖလားခွက်သို့ ဝန်းဝန်းစက်စက်ရှိသည်။ နှုတ်သီး နှုတ်ခမ်းမှာလည်း စေ့စေ့စပ်စပ် ရွှေတာဖုံးသကဲ့သို့ ရှိသည်။ အသံမှာ ခရုသင်းမှုတ်သော အသံနှင့် တူသည်။ ထိုသို့သောအသံကိုမြည်၍ နားရွက်၊ နှာရောင်ကို မော့မော့ထောင်လျက် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝန်းကျင်ပြေးသောအခါ တောတောင်အလုံးပြည့်မျှ ထင်ရပါသည်။

သိန္ဓဝတောင်သည် အမြင့် ယူဇနာငါးဆယ်၊ အဝန်း ယူဇနာတစ်ရာ့ငါးဆယ် ရှိပါသည်။ ယင်းတောင်၌ သိန္ဓောမြင်းမျိုးတို့သည် တိမ်ပင်တောသို့သွား၍ တိမ်ညွှန့်တိမ်ဖူး၊ တိမ်ပွင့်တိမ်သီးများကို စားပါသည်။ တိမ်ပင်၏အဆင်းသည် သန္တာအဆင်းကဲ့သို့ နီရဲသော အရိုးအရွက်၊ အသီးအပွင့်များရှိသည်။ အလွန်ချိုသောအရသာလည်း ရှိသည်။ ၎င်းတိမ်ရွက် တိမ်ညွှန့် တိမ်ဖူးတို့သည် အထူးထူးသော နာနာရုပ် ဖန်ဆင်းဆောင်ရွက်နိုင်ခြင်း၊ ကောင်းကင်သို့ ပျံတက်နိုင်ခြင်း၊ မြေလျှိုးနိုင်ခြင်း၊ ရှိန်းဆာယာဖြစ်စေနိုင်ခြင်း စသောအကျိုးကျေးဇူးများ ဖြစ်ထွန်းပါသည်။ ၎င်းတိမ်ပင်တို့သည် ရသဝလ္လိကတောင်၌ ရှိပါသည်။ ရသဝလ္လိကတောင်ကား အမြင့်စောက် ယူဇနာသုံးဆယ်၊ အဝန်း ယူဇနာကိုးဆယ် ရှိပါသည်။ ကြိမ်ပိုက်တော တစ်ဆယ့်နှစ်ယူဇနာဝန်းရံ၍ ဆူးရှိသည့်ကြိမ်ပိုက်တော ပိတ်ဆီးနေသည်။ တန်ခိုးနည်းသော သတ္တဝါတို့ မရောက်နိုင်ပါ။

mgyoe.com

mgyoe.com

(၂) ဝေဠာဟကမြင်းမျိုး ။ ။ ဝေဠာဟကမြင်းမျိုးနေသော တောင်သည် ဝေဠာဟကဟူ၍ပင် အမည်တွင်ပါသည်။ ယူဇနာသုံးဆယ် အမြင့်စောက်နှင့် ယူဇနာကိုးဆယ် အဝန်းရှိပါသည်။ အလွန်သာယာ၍ ပန်း၊ သစ်သီး၊ စားကောင်းသောက်ဖွယ် အမျိုးမျိုးစုံလင်သည်။ ဝေဠာဟကမြင်းမျိုး၏ အဆင်းအင်္ဂါ လက္ခဏာမှာ ပုလဲရောင် ဝင်းဝင်းပြောင်သော အဆင်းရှိသည်။ နှာရောင်မှသည် လည်ဆံကျောရိုး အမြီးထိအောင်လျှောက်၍ မင်ကွပ်သကဲ့သို့ ပျားပိတုန်း မည်းမည်းမှောင်သောအရောင် ရှိပါသည်။ လည်ရင်းကြီး၍ လည်ဖျားသေး၏။ ခွာလေးဘက်သည် ပုလဲကျောက်ဖလားကို မှောက်ထားသကဲ့သို့ ဝင်းဝင်းဖြူဖြူ တိတိဝန်းဝန်း ရှုချင်စဖွယ်ရှိပါသည်။ မျက်လုံးမျက်ဆန်သည် ဖန်ကျောက်ရွဲလုံးကို ထွင်းတပ်ထားသော အသွင်ရှိသည်။ ဝေဠာဟကမြင်းသည် အရှေ့အနောက်၊ တောင်၊ မြောက်လည်၍ နှာရောင် နားရွက်တို့ကို မော့မော့ထောင်၍ မြူးထူးပြေးလွှားသောအခါ လျှပ်စစ်ဝင်းသကဲ့သို့ တောတောင်လုံး ပြည့်နှံ့သည်။

အလောင်းတော် ဝေဠာဟကမြင်းသည် ဟိမဝန္တာတောဌ်နေ၍ သီဟိုဠ်ကျွန်းဌ် သလေးစပါးစားကြောင်းနှင့် စကြဝတေးမင်း၏ ဝေဠာဟကမြင်းရတနာသည် နံနက်စာမစားမီ လေးကျွန်းလုံး လှည့်နိုင်ကြောင်း ဆိုပါသည်။

အစာအာဟာရတွင် ဝေဠာဟကမြင်းမျိုးတို့သည်လည်း ရသဝလ္လိကတောင်ဌ် ပေါက်သည့် တိမ်ညွန့်တို့ကို စားသုံးပါသည်။

(၃) ကောင်းကင်ကွဲမျိုး (အာကာသဘိန္န) ။ ။ အာကာသဘိန္နအမည်ရှိသော မြင်းမျိုးတို့သည် အာကာသနဂူဟာတောင်တွင်နေထိုင်ကြသည်။ အမြင့်ယူဇနာငါးဆယ်၊ အဝန်းယူဇနာကိုးဆယ်၊ အစောက်ယူဇနာသုံးဆယ်ရှိပါသည်။ ယင်းတောင်သည် ပန်းပေါင်းစုံ၊ စားသုံးပင်အမျိုးမျိုးပေါက်ကုန်သည်။ အာကာသဘိန္နမြင်းတို့၏ အဆင်းလက္ခဏာမှာဘော်ငွေအရောင်ကဲ့သို့ ဖွေးဖွေးဖြူလျက် ထိန်ထိန်တောက်သော အဆင်းအရောင်ရှိသည်။ မျက်ခမ်း၊ လျှာ၊ နှုတ်ခမ်း၊ သိုအိမ်သိုပတ်၊စအို၊ ခွာလေးဖက်၊ ထိုဆယ်ပါးသည် ပတ္တမြားသွေးအရည်အဆင်း ခြင်းခြင်းနီကုန်သည်။ လည်ရင်းလည်ဖျား အကြီးအငယ် အရှည်အတိုကောင်းသော ကြန်အင်ညီညွတ်သည်။ နဖူး၊ နှာရောင်လည်း တင့်တယ်ကောင်းမွန်သည်။ ထို့ပြင်

mgyoe.com

mgyoe.com

စားသောက်သောအခါ နားရွက် နှာရောင်မော့မော့ထောင်၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် မျှော်လျက် မျက်လုံးမျက်ဆန်တို့သည် လျှပ်ပြက်သကဲ့သို့ ကြည့်ရှုပါသည်။ ဣန္ဒြေနည်းသည်ဖြစ်၍ ခံမျိုးဟုခေါ်သည်။

အမြီးဦးစွန်းတို့သည် မရှုပ်မထွေး သန့်ရှင်းညီညွတ်စွာ ချောမွေ့ခြင်းရှိသည်။ မျက်လုံးမျက်ဆန်မှာ ကျောက်မျက်ရှင်ရွှဲလုံးကို ကပ်ထားဘိသကဲ့သို့ ရွှန်းရွှန်းပြောင်သောအရောင်ဖြင့် နှစ်လိုဖွယ်သော အသရေရှိသည်။ ၎င်းမြင်းတို့သည် အာကာသနဂုဟာတောင်၌နေပြီး ရသဝလ္လိကတောင်သို့သွား၍ တိမ်ညွှန့် တိမ်သီးများ စားသုံးပါသည်။

(၄) တိမ်တိုက်ကွန့်မြူးမျိုး (ဝဥ္စာဟကသိဃ်) ။ ။ ဝဥ္စာဟက သိဃ် အမည်ရှိသောမြင်းမျိုးတို့သည် ဝဥ္စာဟကတောင်၌ နေပါသည်။ တောင်အမြင့် အစောက် ယူဇနာသုံးဆယ်၊ အဝန်းယူဇနာကိုးဆယ် ရှိပါသည်။ မြင်းတို့၏ အဆင်းအင်္ဂါသည် အနီအနမ်း၊ အဝါအရွှေ၊ အစိမ်းအပြာရောလျက် အပြောက် ပြောက် ပြုံးပျက်သောအရောင် ဖိတ်ဖိတ်ပြောင်၍ ရှုချင်စဖွယ် ဆန်းကြယ်သော အသွေးအမွေးအဆင်းရှိသည်။ ခြေဆစ်လက်ဆစ်မြစ်ထွေး လေးဘက်တို့မှာ ပတ္တမြားချိပ်ရည် ဟင်္သပဒါးကဲ့သို့ တွေးတွေးတွတ်တွတ်နီသောအရောင် တောက်၏။ အမြီး၊ လည်ဆံ၊ ဦးစွန်းတို့မှာ သေးသေးမျှင်မျှင် မရှုပ်မထွေး သန့်ရှင်းစွာ ဘော်ငွေအဆင်း ဆွတ်ဆွတ်ဖြူသော အရောင်ရှိသည်။ လည်ရင်း လည်ဖျား အကြီးအငယ် ကောင်းစွာ ညီညွတ်ခြင်းရှိသည်။ ခွာလေးလုံးမှာ ခြင်းခြင်းနီလျက် ရွှေဖလားမှောက်ထားသောအသွင် ညီညွတ်စွာ တိတိခတ် ထားသော စက်ဝန်းသဏ္ဍာန်ရှိသည်။ နားရွက်၊ နှာရောင်၊ အမြီးဆံ မော့မော့ ထောင်၍ အရှေ့၊ အနောက်၊ တောင်၊ မြောက်လှည့်လျက် မြူးထူးသောအခါ မုန်တိုင်းလေပြင်းသို့ ပြေးသောအဟုန်အသံသည် တောတောင်အလုံးအနှံ့ ကြားကုန်သည်။ မျက်လုံးမျက်ဆန် ပတ္တမြားနီရွဲလုံးတွင် တပ်သောအသွင် ဝင်းဝင်းတောက်ပစွာ၏။ ချောမွေ့သော ကိုယ်လုံးရုပ်သဏ္ဍာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည်။ ဝဥ္စာဟကတောင်၌ရှိသော ကျောက်ဂူလိုဏ်ခေါင်းတို့ တွင် ထိုမြင်းမျိုးသည် အမြဲနေထိုင်၍ ရသဝလ္လိကတောင်၌ရှိသော တိမ်ပင် တိမ်ညွှန့်များကို စားသုံးကြပါသည်။

(၅) ရွှေစင်တုန္ဒိုင်းမျိုး (သုဝဏ္ဏသာမမြင်းမျိုး)။ ။ သုဝဏ္ဏသာမ

mgyoe.com

မြင်းမျိုးတို့သည် သုဝဏ္ဏာပဌာတောင်၌ နေကြပါသည်။ သုဝဏ္ဏာပဌာတောင်သည် ရွှေတောင်အတိပြီးသည်။ အမြင့်အစောက် ယူဇနာသုံးဆယ်၊ အဝန်း ယူဇနာကိုးဆယ် ရှိပါသည်။ ထိုတောင်၌နေသည့် သုဝဏ္ဏာသာမမြင်းတို့သည် ပျားပိတုန်းတောင် ဖိတ်ဖိတ်ပြောင်၍ မည်းမှောင်နက်ကြုတ်သော ကိုယ်အဆင်းအရောင်ရှိသည်။ လည်ရင်းလည်ဖျား ခါး၊ အမြီး၊ တင်ဆုံ၊ မြီးပျမ်း၊ လည်ဆံ၊ နှာရောင်၊ နှုတ်ဖျား၊ မေး၊ ပါး၊ နားရွက်၊ ခြေလက်၊ ဦးခေါင်း၊ ရင်ခေါင်း၊ ရင်ဝ စသော ကိုယ်၏အနေ၊ ဗွေလာရိုးဆစ်တို့သည် အညီအညွတ် ကောင်းမွန်တင့်တယ်ခြင်း ရှိပါသည်။ နားရွက်၊ နှာရောင်၊ မြီးဆံတို့ကို မော့မော့ ထောင်လျက် အရှေ့၊ အနောက်၊ တောင်၊ မြောက် မြူးထူးပြေးလွှားသော အခါ တောအလုံးမြင်းအတိ ပြေးလွှားသကဲ့သို့ ထင်ရကုန်သည်။ မြင်း တစ်ကောင်တည်းသွားသည်ကို မြင်းအရာအထောင် သွားသည်ဟု ထင်မှတ်ရကုန်သည်။ ရသဝလ္လိကတောင်သို့သွား၍ တိမ်ညွန့်ပင်တို့ကို စားသုံးကြကုန်သည်။

## လူ့ပြည်၌ဖြစ်သော မြင်းမျိုး

လူ့ပြည်၌ဖြစ်သောမြင်းမျိုးမှာ ခြောက်မျိုးဟုဆိုပါသည်။ ၎င်းတို့မှာ (က) လောမျိုး၊ (ခ) လိုမျိုး၊ (ဂ) ပွေးမျိုး၊ (ဃ) ပုစဉ်းမျိုး၊ (င) မြည်းမျိုးနှင့် (စ) ဝါဖလေးမျိုးတို့ ဖြစ်ကြသည်။

(က) လောမျိုး ။ ။ လောမျိုးအမှန်ကား မြုံကျယ်သည်။ ခြေလက်ကြီးသည်။ မျက်လုံးငယ်သည်။ နားကြီးသည်။ များသောအားဖြင့် တရုတ်ပြည်တွင် ရှိပါသည်။

(ခ) လိုမျိုး ။ ။ လိုမျိုးကား သောင်းသည်။ ချိုသည်။ လိုသည်။ ငယ်သည်၊ ယခုရှိသော မြင်းငယ်၊ မြင်းလို၊ မြင်းပုမျိုးပင် ဖြစ်ပါသည်။ အရပ်ဒေသအလိုက် ခေါ်ဝေါ်ကြခြင်းအနက် ရှမ်းပြည်ဘက်တွင်ရှိသော ကျောက်မြင်းပုနှင့် ဆင်ပါသည်။

(ဂ) ပွေးမျိုး ။ ။ ခြေလက် နှာရောင် တိုသည်။ ကိုယ်ရှည်သည်။ အမြီးရှည်သည်။ မျက်လုံးငယ်သည်။

(ဃ) ပုစဉ်းမျိုး ။ ။ ခြေလက် အမြီးရှည်သည်။ လည်တိုသည်၊

mgyoe.com

mgyoe.com

(င) မြည်းမျိုး ။ ။ မြည်းမျိုးသည် နံကိုင်းသည်။ နားကြီးသည်။ ခြေလက်တိုသည်။ ကျောကုန်းကိုင်းသည်။ အသံကျယ်သည်။ ထိုမြည်းမျိုးမှာ ထူး၍ အကျင့်ကောင်းမွန်ပါသည်။

(စ) ဝါဖလေးမျိုး ။ ။ ဝါဖလေးမျိုးကား မှင်ဆံ၊မြည်းဆံများသည်။ ကျောကုန်းကိုင်းသည်။ လည်တိုသည်။ သန်စွမ်းသည်။

မြင်းကောင်းမြင်းမြတ်များကို အောက်ပါအတိုင်း သရုပ်ခွဲကြသည်ကို ပိဋကတ်တော်လာ အဋ္ဌကထာများအရ ဖော်ပြပါမည်။

(၁) အာဇာနည်မြင်း ။ ။ အာဇာနည်ယောတိ၊ ပတ္တိဝါယောတု အဿ ဒိသုအညတရောဝေါယောကာရဏာ ကရဏံဇာနာတိ၊ အယံအာဇာနိ ယောဝစတုပ္ပဒါနံ သေဋ္ဌာတိအတ္ထော (သံယုတ်အဋ္ဌကထာ)။

လွန်စွာ အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို သိတတ်သော မြင်းသည် အာဇာနည်မြင်း မည်၏။

(၂) အဿတိုရ်မြင်း ။ ။ အဿတရန္တိ ဂဒြဘာဿဝဠဝါယဇာတိ– (ဝဂ္ဂသံယုတ်အဋ္ဌကထာ) ၌ ပြဆိုပါသည်။

အာဇာနည်မြင်းမနှင့် မြည်းဖို သင့်မြတ်၍ ပေါက်ဖွားသော မြင်းမျိုး ဖြစ်ပါသည်။

(၃) သေဋ္ဌတိုရ်ရမြင်း ။ ။ အဿတိုရ်မြင်းနှင့် ပကတိမြင်းမျိုး သင့်မြတ်၍ သန္ဓေရင့်မာရှိလျှင် ဖွားခြင်းငှာ မတတ်နိုင်ရကား မြေ၌ ခြေလေးဘက်ကိုရပ်လျက် တည်သော မြင်းမအား လေးခုသောသစ်ငုတ်တို့ဖြင့် ဖွဲ့ချည်ပြီးလျှင် ဝမ်းကိုခွဲယူရသော မြင်းငယ်ကို သေဋ္ဌတိုရ်ရမြင်းဟု ခေါ်ပါသည်။

အမရကောသအဘိဓာန်တွင် မြင်းအမျိုးအပြား ခြောက်မျိုးကို အောက်ပါအတိုင်း ပြဆိုပါသည်။

(၁) အာဇာနည်မြင်း ။ ။ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိသောမြင်းကို အာဇာနည်မြင်းဟု ခေါ်ဝေါ်ဖွဲ့ဆိုပါသည်။

(၂) ဝိနိတမြင်း ။ ။ စစ်မြေ၌ လက်နက်ဖြင့် ပုတ်ခတ်သော်လည်း အရှင်ကိုမစွန့်၊ ကောင်းစွာ ဆောင်တတ်သောမြင်းကို ဆိုလိုပါသည်။

mgyoe.com

mgyoe.com

(၃) ဝါနာယုဇမြင်း ။ ။ ပါရာသိအရပ်၌ဖြစ်ကုန်၍ယဉ်ကျေးသော မြင်းမျိုး ဖြစ်ပါသည်။

(၄) ဝါဟာနိကမြင်း ။ ။ ကမ္ဘောဇတိုင်း၌ ဖြစ်ကုန်သောမြင်းမျိုး ဖြစ်ပါသည်။

(၅) အဂ္ဂမေဓိယမြင်း ။ ။ ယဇ်ပူဇော်သောမြင်း ဖြစ်ပါသည်။

(၆) ဇဝဏာမြင်း ။ ။ လျင်မြန်လွန်းသောမြင်း ဖြစ်ပါသည်။

နတ်မြင်းတို့၏ တေးထပ်များအနက် သိန္ဓောမြင်းဘွဲ့တေးထပ်ကို တင်ပြပါမည်။

ဟေမဝန်တောမြတ်၊ အနောတတ် မြောက်ခြေ၊ တုရင်ဂ ပြွန်ခွေ၊ တန်ခွန်ရေမြတန်း၊ သိန္ဓဝဂီရိန်၊ မဟီသိန်ကိုးမျက်စံခန်း၊ ရွှေမျက်လုံးတောက် ထိန်၊ ဝဇိရိန်ရောင်ဆန်း၊ ကိုယ်သပြေ မှည့်ရွှမ်း၊ လျှမ်းလျှမ်းနက်ခြေ၊ မြီး လည်ဆံ အာခံတွင်းသန္တာဆင်း မှတ်ကြပါလေ၊ တောသမုဒ်တောင်ဗွေ၊ စံပျော်နေတန်ခိုးနှင့်၊ မိုးတိမ်ညွှန့် စုန်ဆန်ခုန်ပျံ မြူးကြလျင်ဟန်၊ သိန္ဓဝဇာတ် ရင်းမှန်သည်၊ နတ်မြင်းပျံ ဂုဏ်ထူးမို့လေး။ ။

လူ့ပြည်၌ဖြစ်သောမြင်း ခြောက်မျိုး ဘွဲ့လည်းရှိပါသည်။

လောမျိုးမှာ ခြေကြီးနှင့်၊ စီးမြဲပြုန်မျက်ငယ်၊ ခြေလက် မြီးရှည်သွယ်၊ ပုစဉ်းနွယ်ကိုယ်ယောင်၊ ဗွေခြေ လက် နှာရောင်တို၊ မြီးမှင်ကိုယ် ယိမ်းနွဲ့ရှည်ကြောင်း၊ လိုမျိုးက နှုတ်ငယ်သည်၊ မည်းမှာဝယ်– ခြေတောင်း၊ ကျောက်နံရံမှာ ရွှဲ့စောင်းနှင့်၊ ခေါင်းနားရွက်ကြီးတယ်၊ ဝါဖလေးမျိုးနွယ်မှာ၊ မြီးဆံဝယ်လွန် များလို့ ခွန်အားစွမ်းရည်ပို၊ ကိုင်းကျောက်လည်တို၊ ကျမ်း အထွက် မြွက်ဆိုသည်၊ မဝှက်သိုထင်လင်းရဲ့လေး။ ။

အခြားတေးထပ်များမှာလည်း မြင်းဘွဲ့များဖြစ်ပါသည်။ စကားပြေ နှင့် ဖော်ပြထားပါသဖြင့် ထပ်မံ မတင်ပြတော့ပါ။


mgyoe.com

mgyoe.com

အခန်း (၂)

# မြင်းမျိုးများ

**နိုင်ငံတကာမြင်းမျိုးများ**

မြင်း၏အစ အာရှမှဟုဆိုသော်လည်း သမိုင်းအထောက်အထားများ အရ အာရပ်တို့ဒေသတွင်သာ မြင်းကောင်း မြင်းသန့်များပေါက်ဖွားကြကြောင်း ညွှန်ပြပါသည်။ အီဂျစ်၊ ဘာဘီလုံခေတ် ကောင်းစားစဉ် ဘီစီ ၂၀၀၀ ခန့်က မြင်းကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေခံလျက် ရှိပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် မြင်းကောင်ရေ အများဆုံးမှာ ဆိုဗီယက်နိုင်ငံ ဖြစ်ပြီး ၁၇ သန်းခန့် ရှိပါသည်။ ဒုတိယအများဆုံးမှာ အမေရိကန်နိုင်ငံဖြစ်ပြီး ၁၁ သန်းခန့် ရှိပါသည်။

နိုင်ငံရပ်ခြားတိုင်းပြည်များ၌ မြင်းကို မြန်မာတို့အခေါ်အဝေါ်မျိုး မဟုတ်ဘဲ မျိုးရိုးစဉ်ဆက်အလိုက်၊ ထူးခြားကောင်းမွန်သည့် စရိုက်အလိုက် သီးခြားစီ မြင်းမျိုးများကို သတ်မှတ်ကြပါသည်။ မြန်မာတို့ကမူ မြင်းကို အရောင်များဖြင့် ခွဲခြားသတ်မှတ်ကြပြီး မျိုးရိုးအလိုက် ခေါ်ဝေါ်ကြခြင်း၊ စံနှုန်းထားခြင်းများ မရှိပါ။

အောက်ဖော်ပြပါ မြင်းမျိုးတို့သည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ထူးခြား ကောင်းမွန်ကျော်ကြားသည့် မြင်းမျိုးအချို့ ဖြစ်ပါသည်။

mgyoe.com

| စဉ် | မြင်းအမျိုးအစား | နိုင်ငံဒေသ |
|---|---|---|
| (၁) | သားရားဘရက် | အင်္ဂလန် |
| (၂) | အင်ဂလိုဒန် | ၎င်း |
| (၃) | အင်ဂလိုတီတီ | ၎င်း |
| (၄) | ဆာဖော့ | ၎င်း |
| (၅) | ဟန်းတား | ၎င်း |
| (၆) | ထရော်တာ | အမေရိကန် |
| (၇) | ဆက်ဒယ်လ် | ၎င်း |
| (၈) | ဟက်ကနီး | ၎င်း |
| (၉) | ဟန်နိုဗာ | ၎င်း |
| (၁၀) | အမေရိကန်ကွာတာ | ၎င်း |
| (၁၁) | အင်ဂလိုအာရပ် | အာရပ် |
| (၁၂) | ဘလက်ဆီး | ရုရှ |
| (၁၃) | ဘူဒက်နီ | ၎င်း |
| (၁၄) | ပါချဉ်ရွန် | ပြင်သစ် |
| (၁၅) | ဘယ်လ်ဂျီယမ် | ဘယ်လ်ဂျီယမ် |
| (၁၆) | ရှက်တလန်မြင်းပုမျိုး | စကော့တလန် |
| (၁၇) | ဝေလမြင်း | ဝေးလ်နယ် |
| (၁၈) | အာရေဗီးယားမြင်း | အာရေဗီးယားကျွန်းဆွယ် |

၎င်းနိုင်ငံခြားမြင်းမျိုးစုများမှ ထူးခြားလှပကောင်းမွန်သည့် မြင်းတို့ အကြောင်းကို အနည်းငယ် ဖော်ပြလိုပါသည်။

(၁) သားရားဘရက် ။ ။ သားရားဘရက်သည် ပြိုင်မြင်းမျိုးဖြစ်ပါသည်။ အင်္ဂလန်သမိုင်းတွင် စစ်အတွက်၊ စက်ရုံ အလုပ်ရုံအတွက်၊ ပြေးပွဲ ပြိုင်ပွဲများအတွက် သီးခြားအသုံးပြုသည်ဟု ခွဲခြားရန် ခဲယဉ်းပါသည်။ အားလုံးအတွက် အသုံးပြုသည်ဟု ဆိုရပါမည်။ အခြား ပြိုင်မြင်းမျိုးများသည် သားရားဘရက်မျိုးမှ ဆက်နွယ်ဆင်းသက်သည်။

သားရားဘရက်မြင်းများ၏ လက်ဖျံသည် အခြားမြင်းများ၏ လက်ဖျံနှင့် နှိုင်းယှဉ်လျှင် သိသိသာသာ ကြီး၍ ရှည်သည်။ နောက်ခြေသလုံးပိုင်းနှင့်

mgyoe.com

mgyoe.com

ခါးပိုင်းသည်လည်း ပို၍ရှည်သည်။ အထူးသဖြင့် သားရားဘရက်မြင်းသည် အလွန်ပုံကျ၍ အဆင်ပြေသည်။ မျက်နှာသည် တို၍ ဖြောင့်သည်။ လည်ချောင်း အဖုအထစ်မရှိပေ။ ပေါင်တံ အလွန်ရှည်၍ တင်ပါးနောက်ပိုင်းသည် ညီညာသည်။ သားရားဘရက်မြင်းသည် ဒေါက် ၁၅ မှ ၁၇ လက်ဝါးခန့် ရှိသည်။ ကိုယ်အလေးချိန် ပေါင် ၁,၀၀၀ မှ ၁,၄၀၀ အထိ ရှိသည်။ အမွေးမှာ နီကြန့်ကြန့်အရောင်၊ အညိုရောင်တို့ ရှိပါသည်။ မျက်နှာနှင့် ခြေထောက်တို့တွင် အဖြူရောင် အမှတ်အသားများ ပါရှိပါသည်။


(၂) ဆာဖော့ ။ ။ အင်္ဂလန်ပြည် ဆာဖော့နယ်မှ မြင်းမျိုး ဖြစ်ပါသည်။ ၎င်းမြင်းမျိုးများသည် ကိုယ်လုံးကိုယ်ထည် တောင့်တင်း၍ ခိုင်းမြင်းမျိုး ဖြစ်ပါသည်။ ဒေါက် ၁၅ လက်ဝါးမှ ၁၆ လက်ဝါးကျော်ကျော်ထိ ရှိပါ သည်။ ပေါင်ချိန် ၁,၀၀၀ မှ ၁,၉၀၀ ခန့်အထိ လေးသည်။ ခြေများနှင့် လည်ပင်း တိုသည်။ မြင်းခွာညှံ့သည်။ အမွေးအရောင်မှာ သစ်အယ်ရောင် ရှိပါသည်။

(၃) ပါချဗွန်မြင်း ။ ။ ပြင်သစ်ပြည်မှ လှည်းဆွဲမြင်းဖြစ်ပါသည်။ အဖြူနှင့် အနက်ရောင်သာ အများအားဖြင့်ရှိသည်။ အဖြူကွက်ကျားပါသည်။ ညိုမှောင်မှောင်အရောင်၊ နီကြန့်ကြန့်အရောင်များပင် တွေ့ရပါသည်။ မြင်းထီးများသည် ဒေါက် ၁၆ လက်ဝါးမှ ၁၇ လက်ဝါးခန့်ရှိပါသည်။ အလေးချိန်အားဖြင့် တစ်တန်ခန့်အထိ လေးသည်ကို တွေ့ရပါသည်။ ရှည်လျားသွယ်ဝိုက်သောကိုယ်နှင့် အန္တအတာခံ၍ ခိုင်းကောင်းသောမြင်းမျိုး ဖြစ်ပါသည်။

(၄) ဘယ်လ်ဂျီယမ်မြင်း ။ ။ ဘယ်လ်ဂျီယမ်မြင်းတို့မှာ လယ်ထွန်ရာ၌ ကောင်းမွန်သည်။ ပါချဗွန်မြင်းထက် ကိုယ်ခန္ဓာကြံခိုင်၍ ခန္ဓာကိုယ်အလယ်ပိုင်း ကြွက်သားများနှင့် ပြည့်စုံသည်။ ဒေါက် ၁၆ လက်ဝါးမှ ၁၇ လက်ဝါးအထိ မြင့်၍ ကိုယ်အလေးချိန် ပေါင် ၂,၆၀၀ ထိ လေးသည်။ မြင်းမမှာ ၁၅ ဒသမ ၂ မှ ၁၆ ဒသမ ၂ လက်ဝါးထိ ဒေါက်ရှိသည်။ အရောင်မှာ သစ်အယ်ရောင်နှင့် အဖြူကွက်ပြောက်ကျားရောင်တို့ကို တွေ့ရသည့်အပြင် နီကြန့်ကြန့် အရောင်နှင့် အညိုရောင်၊ ညိုမှောင်သော အရောင်များကိုလည်း တွေ့ရသည်။ ဘယ်လ်ဂျီယမ်မြင်းများသည် ခြေလှမ်းသည့်အခါ ခြေဆစ်နှင့်ခြေတံ

mgyoe.com


mgyoe.com



သခွေမြင်း


mgyoe.com

mgyoe.com




ဖောင်းဝတ်မြင်း

mgyoe.com



မြင်းနက်




မြင်းနီစိုင် အမျိုးအစား (စိုင်နှာကျား)

mgyoe.com

mgyoe.com



မြင်းနီချိပ်



အနန်းခွံမြင်း

mgyoe.com

mgyoe.com

ကြွက်သား လှပစွာ လုမ်းကြ၍ အားကောင်းသည်။

(၅) ရှက်တလန်မြင်း။ ။ ရှက်တလန်မြင်းသည် မြင်းပုမျိုးဖြစ်ပါသည်။ ၁၄ ဒသမ ၂ လက်ဝါးသာမြင့်၍ စကော့တလန်ပြည်၊ ရှက်တလန်ကျွန်း၌ ပေါက်ဖွားသည်။ အရွယ်ရောက်ပြီးနောက် ပေါင် ၃၀၀ မှ ၄၀၀ ခန့်သာလေးသည်။ အရောင်မှာ အနက်၊ အညိုရင့်ရင့်၊ နီကြန့်ကြန့်အရောင်၊ သစ်အယ်ရောင်နှင့် အပြောက်များ ပါရှိပါသည်။ အမွေးရှည်သည်။

(၆) ဝေလမြင်းများ။ ။ ဝေလမြင်းပုမျိုးများဖြစ်သည်။ ၁၂ လက်ဝါးသာသာခန့်ရှိပြီး ကိုယ်အလေးချိန်ပေါင် ၅၀၀ ခန့်အထိသာရှိသည်။ စီးမြင်းအဖြစ် အသုံးပြုသည်။ ခန္ဓာကိုယ်အလယ်ပိုင်းသည် တုတ်တုတ်ခိုင်ခိုင် မရှိပါချေ။ နီကြန့်ကြန့်အရောင်နှင့် အညိုရောင်၊ အနက်ရောင်များ ရှိပါသည်။

(၇) ဟန်းတားမြင်း။ ။ ဟန်းတားခေါ် အမဲလိုက်မြင်းမျိုးဖြစ်ပါသည်။ မိဘဘိုးဘွားတို့သည် သားရားဘရက် သွေးပါ၍ အမဲလိုက်ရာတွင် ဟန်အမူအရာကောင်းသည်။ ဒေါက် ၁၅ မှ ၁၅ ဒသမ ၃ လက်ဝါးအထိ မြင့်၏။ တစ်နေ့လုံး အစာ မစား ရေမသောက်ဘဲ ခုန်ပေါက်ပြေးလွှားနိုင်သည်။

(၈) အာရေဗီးယားမြင်း။ ။ အာရေဗီးယားမြင်းများ၏ အရောင်မှာ အုန်းခွံရောင်၊ အညိုရောင်၊ နီကြန့်ကြန့်အရောင်၊ သစ်အယ်ရောင်၊ တစ်ခါတစ်ရံ အဖြူ သို့မဟုတ် အနက်ရောင်တစ်ရောင်တည်း ဖြစ်တတ်သည်။ ခြေထောက်၊ မျက်နှာနှင့် နှာခေါင်းတို့တွင် အဖြူရောင်ရှိသည်။ အရောင်ကျားနှင့် အပြောက်များကို စာရင်းမသွင်းကြပေ။ မြင်းထီးမှာ ၁၅ လက်ဝါး၊ မြင်းမမှာ ၁၄ ဒသမ ၃ လက်ဝါးခန့်ရှိသည်။ ပေါင်ချိန် ၈၅၀ မှ ၁,၀၀၀ ထိ လေးပါသည်။ အာရေဗီးယားမြင်းတို့၏ ဦးခေါင်းနှင့် ဇက်တို့သည် အလွန်လှပသည်။

### မြန်မာ့မြင်းမျိုးများ

သမိုင်းကျမ်းလာမြင်းများနှင့် နိုင်ငံရပ်ခြားရှိ မြင်းများအကြောင်းကို အကျဉ်းမျှဖော်ပြပြီးနောက် မြန်မာမြင်းမျိုးများကို တင်ပြလိုပါသည်။

မြန်မာတို့သည် မြင်းများကို မျိုးရိုးအလိုက်၊ အရည်အသွေးအလိုက် စံပြုခွဲခြားခေါ်ဝေါ်ကြခြင်းမပြုဘဲ အရောင်နှင့်သာ မြင်းအမည်နာမ၊ အုပ်စု

mgyoe.com

mgyoe.com


များခွဲခြားထားကြောင်း လေ့လာသိရှိရပါသည်။ ယနေ့တွင်သာမဟုတ်၊ ရှေးဟောင်းစာပေကျမ်းဂန်များ၌လည်း မြင်းကိုအရောင်နှင့်သာ ခွဲခြားသတ်မှတ်၍ ပိုင်းခြားထားပါသည်။ မြန်မာသူရဲကောင်းတို့ စီးနင်းခဲ့သည့် အာဇာနည်မြင်း၊ သိန္ဓောမြင်းဆိုရာ၌လည်း လျှင်မြန်ခြင်း၊ အသွေးအရောင်လှပခြင်းတို့ကိုသာ ဖော်ပြပြီး မြင်းမျိုးရိုးအလိုက် စဉ်ဆက်ဖော်ပြနိုင်သည့် နာမည်များ မဟုတ်ပါပေ။

လျှင်မြန်လွန်း၍ ဆင်နှင့်စီးချင်းထိုးရာတွင် အနိုင်ရသည့်ဒုဋ္ဌဂါမဏိမင်းကြီး စီးတော်မူခဲ့သော "ဒီဃဟုဏိကာ"ဟု အမည်ရသည့်မြင်းမ၊ ကျန်စစ်မင်းကြီး စီးတော်မူခဲ့သော "နှလုံးကွန့်ကောင်း" အမည်ရမြင်း၊ ငထွေးရူးစီးသော "နှလုံးလျှင်တိုက်" အမည်ရမြင်း၊ ညောင်ဦးဖီးစီးခဲ့သည့် "နှလုံးအတုမရှိ"မြင်း၊ ငလုံးလက်ဖယ်စီးခဲ့သည့် "လေမိုးသည်ခေါင်"မြင်းစသည့် အနော်ရထာမင်းမြတ် ပေးသနားခဲ့သည့် အာဇာနည်မြင်းတို့သည်လည်းကောင်း၊ အလောင်းစည်သူမင်းကြီး စီးနင်းခဲ့သည့် မြင်းတော် "ရွှေပန်းတစ်ပွင့် နတ်ယဉ်ကျော်" အမည်ရမြင်း၊ ပင်းယငါးစီးရှင်မင်းသို့ ဆက်သော "တိမ်တိုက်ကွန့်မြူး" အမည်ရှိမြင်း၊ အင်းဝဘုရင်မင်းခေါင်လက်ထက် တရုတ်စစ်သူကြီး ဂါမဏိအား အနိုင်ယူစီးချင်းထိုးလိုက်သည့် မွန်မြန်မာသူရဲကောင်း သမိန်ဗရမ်းစီးခဲ့သည့် "မြင်းနီမန်ကျည်းစေ့"မြင်း၊ တောင်ငူဘုရင် မင်းတရားရွှေထီးသည် ပဲခူးရွှေမော်ဓောစေတီတော်တွင် နားထွင်းမင်္ဂလာပြုရာ၌ စီးနင်းခဲ့သည့် မြင်းတော် "သတ္တရဓေယျ"အမည်ရမြင်းနှင့် ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး၏ မြင်းရည်တက်သူရဲကောင်းတို့ စီးနင်းခဲ့သည့် မြင်းတို့သည်လည်းကောင်း၊ အရောင်နှင့်အရပ်ဒေသအလိုက် ခွဲခြား၍ ခေါ်ဝေါ်ကြသည့် မြင်းမျိုးကောင်းများသာ ဖြစ်ကြပါသည်။ အနောက်နိုင်ငံများမှာကဲ့သို့ မြင်းအမျိုးအမည်၊ အရပ်ဒေသအလိုက် ဇာတာရက်ချုပ်များ ပြုစုထားရှိခဲ့သည့်မြင်းများ မဟုတ်ပါပေ။

အရပ်ဒေသအလိုက် မြင်းအမျိုးအမည်ခွဲခြားသည်ကို ဦးတိုး၏ ရာမရကန်တွင် ဤသို့ဖော်ပြထားပါသည်။

ရှေ့မြင်း နောက်မြင်း၊ ကိုးသင်းလမျှား နန်းဦးနတ်ရှင်၊
မြို့တွင် ရွှေပြည်၊ ပြင်စည်ညောင်ရွှေ၊ သရေခေတ္တရာ၊ ဆိုင်လာ

mgyoe.com

တိုင်သော၊ သီပေါမိုးညှင်း၊ မြင်အစိုစို၊ မင်းတို့ဘဝ၊ ဘွဲ့သမျှ
တွင် . . .

မြန်မာမင်းတို့သာမဟုတ် ယိုးဒယားမင်းတို့ စီးနင်းတော်မူသော မြင်းတို့သည်လည်း မျိုးရိုးစဉ်ဆက် ခေါ်ဝေါ်အမည်သညာပြုခဲ့ခြင်း မဟုတ်ပါ။ အရောင်နှင့်သာ ခွဲခြားကြပါသည်။ ယိုးဒယားဘုရင်တို့တွင် လက်ဝဲ လက်ယာ အထူးပြုသည့် အာဇာနည်မြင်းကောင်း နှစ်ကောင်အပြင် နေ့သင့်စီးသည့် မြင်းရှစ်ကောင်စီကျနှင့် ခုနစ်ရက်အတွက် ၅၆ ကောင်၊ ပေါင်း ၅၈ ကောင် ထားရှိရာတွင်လည်း အရောင်နှင့် ခွဲခြား၍ သီးခြား မြင်းဘွဲ့ပေးထားပါသည်။

ယောမင်းကြီး၏ အဿဘောဒ မြင်းကျမ်းတွင် အမွေးအဆင်းကိုခွဲ၍ မြင်းတို့၏အထူးကို ကျမ်းဂန်တို့၌ ဆိုကြသည်ကိုရည်၍ သိတဿ=မြင်းဖြူ၊ တက္က=မြင်းဖြူ၊ ဟရိဟယ=မြင်းရွှေ၊ ဥဂ္ဂါဟ=မြင်းနက်၊ ဥက္ကနာဟ=မြင်းကျား၊ ဟာလက=မြင်းကျား၊ ဟလာဟ=မြင်းပြောက်ဟူ၍ ပြဆိုထားပါသည်။

သို့ဖြစ်ပါ၍ မြန်မာမြင်းမျိုးများကို အရောင်အုပ်စုနှင့် ခွဲခြားပြီး ယနေ့ ခေါ်ဝေါ်နေကြသည်ကို ဖော်ပြလိုက်ရပါသည်။

အရောင်အုပ်စုမှာ အုပ်စုသုံးစုဖြစ်ပါသည်။ အရောင်တစ်အုပ်စုလျှင် ရောင်ကွဲ ၁၀ မျိုး ထပ်မံခွဲထား၍ မြင်းမျိုး ၃၀ ခွဲခြားနိုင်သည်။ ၎င်းတို့မှာ (က) ဖောင်းဝတ်မျိုး ၁၀ မျိုး၊ (ခ) စိုင်လျော်မျိုး ၁၀ မျိုး၊ (ဂ) အုန်းခွံမွေး ၁၀ မျိုးတို့ ဖြစ်သည်။ ၎င်း ၁၀ မျိုးတွင် အညို၊ အဖြူ၊ အပြောက်၊ အပြာ၊ အမွဲ၊ အခြောက်၊ အမွေး ခြောက်မျိုး ရစ်ဖွဲ့နေသည့် အခေါ်အဝေါ်များဖြစ်ပါသည်။

**(က) ဖောင်းဝတ်အမွေးမျိုး ။ ။** ဖောင်းဝတ် ၁၀ မျိုးမှာ (၁) ဖောင်းဝတ်ညို (နက်)၊ (၂) ဖောင်းဝတ်ဖြူ၊ (၃) ဖောင်းဝတ်ပြာ၊ (၄) ဖောင်းဝတ်မွဲ၊ (၅) ဖောင်းဝတ်ခြောက်၊ (၆) ဖောင်းဝတ်ပြောက် (ကွက်)၊ (၇) ဖောင်းဝတ်နီ၊ (၈) သမင်ဝမ်း၊ (၉) သင်းခွေနှင့် (၁၀) ဘယ်လင်း (ကျား)တို့ ဖြစ်ကြသည်။

ထိုဖောင်းဝတ်မျိုးတွင် ပါဝင်သည့် သင်းခွေနှင့် ဘယ်လင်းကို အောက်ပါအတိုင်း ထပ်မံ၍ ခွဲခြားပြဆိုပါသည်။

သင်းခွေမျိုး ငါးမျိုးရှိပါသည်။ ၎င်းတို့မှာ (၁) သင်းခွေဘယ်လင်း၊

mgyoe.com

mgyoe.com
(၂) သင်းခွေဖြူ၊ (၃) သင်းခွေမွဲ၊ (၄) သင်းခွေဆီချေး (ညိုပုပ်နေသည့်ရှားရောင်) နှင့် (၅) သင်းခွေသဟာက် သို့မဟုတ် သင်းခွေပုပ် သို့မဟုတ် သင်းခွေကြွက်ကြီးမွေးတို့ ဖြစ်ကြသည်။

ဖောင်းဝတ်မွေးဆိုသည်မှာ အဖြူမွေးသက်သက်ဖြစ်သော်လည်း အများအားဖြင့် အပြာရောင်၊ အစိမ်းရောင်များ ယှက်သမ်းနေတတ်သည်။

ဖောင်းဝတ်မျိုးနွယ် ဘယ်လင်းဆိုသည်မှာ မြင်းအဖြူမွေးတွင် အကျားရောင်များဖြစ်အောင် အမွေးပြောင်းခြင်း ဖြစ်ပါသည်။ မြင်းကျားနှင့် ပတ်သက်၍ မြင်းကျား ၃၁ မျိုးရှိကြောင်း ပြဆိုပါသည်။ ဖောင်းဝတ်တွင် သာမဟုတ် စိုင်မျိုးတွင်လည်း မြင်းကျားရှိပါသည်။ စိုင်နီနှာကျား၊ မြင်းနီကျားဟူ၍ ဆိုပါသည်။

မြင်းကျား ၃၁ မျိုးတို့မှာ (၁) မြင်းဦးခေါင်းသာ ဖြူသည်၊ (၂) ဦးခေါင်း နက်၍ ကိုယ်ဖြူသည်၊ (၃) နံတောင်တစ်ဖက်ဖြူ သို့မဟုတ် နှစ်ဖက်ဖြူ၊ (၄) နံနှစ်ဘက် ရှေ့လက်ပါ ဖြူသည်၊ (၅) ခွာကျားသည် (အရိုးကျား ဖြစ်သည်)၊ (၆) အပြောက်စက်ပါသည် (အသားကျားဖြစ်သည်)၊ (၇) နှုတ်သီး ခရုသင်းကဲ့သို့ ရှိသည် (အရေကျားဖြစ်သည်)၊ (၈) မျက်နှာကျားသည် (အရေကျား)၊ (၉) လက်တွင်းပေါင်တွင်း ဖြူသည် (အမွေးကျားဖြစ်သည်)၊ (၁၀) ရှေ့လက်နှစ်ချောင်းကစ၍ နောက်မြီးဖျားတိုင်ဖြူသည်၊ (၁၁) လည်ပင်းတစ်ဖက်ဖြူသည်၊ (၁၂) လည်ပင်းနှစ်ဖက် ဖြူသည်၊ (၁၃) နားနှစ်ဖက်ဖြူသည်၊ (၁၄) တင်သားတွင် ပြောက်ကျားဖြူသည်၊ (၁၅) ရှေ့ဖြူ၍ နောက်ကျားသည်၊ (၁၆) နောက်ခြေ တစ်ပိုင်းသာဖြူသည်၊ (၁၇) ကျောကုန်းတွင် လူဝပ်သကဲ့သို့ ဖြူသည်၊ (၁၈) ကတွင်သာဖြူသည်၊ (၁၉) ကုန်းကကို ဝမ်းလျှောက်၍ဖြူသည်၊ (၂၀) ရင်စွန် ရင်လွန် မြီးပျမ်းဖြူသည်၊ (၂၁) ခွာလေးဖက်ဖြူသည်၊ (၂၂) ရှေ့လက်နှစ်ဖက်ဖြူသည်၊ (၂၃) နောက်ခြေနှစ်ဖက်ဖြူသည်၊ (၂၄) လက်နှစ်ချောင်း၊ ခြေတစ်ချောင်း ပေါင်း သုံးချောင်း ဖြူသည်၊ (၂၅) လက်တစ်ချောင်း ဖြူသည်၊ (၂၆) လက်တစ်ချောင်း၊ ခြေတစ်ချောင်း ဖြူသည်၊ (၂၇) လေးဖက်ပဆစ်ဒူးအထိ ဖြူသည်၊ (၂၈) ရင်အုံ လက်ကျားရောက်ဖြူသည်၊ (၂၉) ရင်အုံ လက်နှစ်ဖက် ပခုံးအထိ ဖြူသည်၊ (၃၀) ဦးခေါင်း ခြေလက်မှလွတ်၍ သင်တိုင်းဝတ်သကဲ့သို့ ဖြူခြင်း၊ သို့မဟုတ်
mgyoe.com

သင်တိုင်းချွတ်သကဲ့သို့ ဖြူသည်၊ (၃၁) လက်ဝဲနင်းဖက်၌ ဖြူသည်၊ သို့မဟုတ် လက်ယာနင်းတက်၌ ဖြူသည်ဟူ၍ ဖြစ်ကြပါသည်။

(ခ) စိုင်လျော်မျိုး ။ ။ စိုင်လျော်မျိုး ၁၀ မျိုးမှာ (၁) စိုင်လျော်ညို၊ (၂) စိုင်လျော်ဖြူ၊ (၃) စိုင်လျော်ပြောက်၊ (၄) စိုင်လျော်ပြာ၊ (၅) စိုင်လျော်မွဲ၊ (၆) စိုင်လျော်ခြောက်၊ (၇) စိုင်လျော်ဝါ၊ (၈) စိုင်လျော်ဝတ်ပန်း (အနီရောင်)၊ (၉) စိုင်လျော်နီနှင့် (၁၀) စိုင်လျော်တုတ်ကျယ်တို့ ဖြစ်ကြသည်။

ယခုအခါ စိုင်လျော်ဟု မခေါ်ဝေါ်ကြဘဲ စိုင်ဟူ၍သာ ခေါ်ကြပါသည်။ ဥပမာ စိုင်ညို၊ စိုင်နီ၊ စိုင်ဝတ်ပန်း စသည်ဖြင့် ဖြစ်သည်။ စိုင်သည် အနီနှင့် အဝါမွေးကို အခြေခံပါသည်။

(ဂ) အုန်းခွံမွေး ။ ။ အုန်းခွံမွေး ၁၀ မျိုးမှာ (၁) အုန်းခွံရွှေ၊ (၂) အုန်းခွံဝါ၊ (၃) အုန်းခွံဖြူ၊ (၄) အုန်းခွံညို၊ (၅) အုန်းခွံပြောက်၊ (၆) အုန်းခွံပြာ၊ (၇) အုန်းခွံမွဲ၊ (၈) အုန်းခွံခြောက်၊ (၉) အုန်းခွံကြိုးကြာနှင့် (၁၀) အုန်းခွံနက်တို့ ဖြစ်ကြသည်။

ၚင်းအမွေးမျိုးပေါင်း ၃၀ အပြင် မြင်းရွှေနီလေးမျိုး၊ ခံမျိုးသုံးမျိုး၊ စပ်မျိုးငါးမျိုးဟူ၍ ထပ်မံခွဲပြန်ပါသည်။

မြင်းရွှေနီလေးမျိုးမှာ (က) မြင်းရွှေနီ (အနီရင့်ရောင်)၊ (ခ) မြင်းရွှေဘုတ်မွေး၊ (ဂ) မြင်းရွှေချိတ်နှင့် (ဃ) မြင်းရွှေဝတ်ပန်းတို့ ဖြစ်ကြပါသည်။ ဝတ်ပန်းဆိုသည်မှာ လည်ဆံမွေး အဖြူရောင်ထိုးသည်။

ခံမျိုးသုံးမျိုးနှင့် စပ်ဆိုင်၍ ကူထိုးကူထော်ရှာ ရသေ့ကြီး၏ ရွှေတိုးဂါမ်အစချီ မြင်းကြန်ရကန်တွင်–

ခံမှည့်ခံရွှန်း၊ ခံပွန်းဟူ၍လျှင်၊ ခံမျိုးအပြား၊ သဘောအားဖြင့် သုံးပါးရှိသည်ကိုပင်တည့်၊ ကိုယ်မွေးလျှင် ဖြူလျက်ကို၊ စပ်ငါးပါးနှင့် ယှဉ်သဖြင့်မူ၊ ခေါ်သင့်ခံပွန်းဆိုရှင့်၊ အနီကို ခံရွှန်းတည့်၊ မည်းပြောင်ဖိတ်လျက်၊ ညိုရောင်ထွက်သည်၊ အနက်ကို ခံမှည့်တည့်၊ စပ်ငါးပါး၏ သရုပ်မှာ အာလျှာမကြွင်း၊ နှာခေါင်းတွင်းက၊ ချင်းချင်းထွက်၍ နီတျာ၏၊ သို့အိမ်မှာလည်း ကျီးအာသီးမှည့်အသွင်၊ မျက်ခမ်းစပ်ခြင်း၊ ခွာနီဝင်းသည် ဟင်္သာပြဒါးပင်တည့်၊ စယိုလျက်စပ်

mgyoe.com

mgyoe.com


တုံဘိ၊ ပြွက်ကဲ့သဖွယ်၊ မျောက်စပ်နယ်လျှင်၊ တကယ်
ကွမ်းသွေးထိသို့၊ တစိမယွင်းလှည့်၊ စပ်မျိုးငါးပါးမည်၊
ဤသည်ငါးပါးတည့်လေး။

ဟူ၍ ဖော်ပြထားသည်။

ခံမျိုးသုံးမျိုးမှာ (၁) ခံမှည့်၊ (၂) ခံပွန်းနှင့် (၃) ခံယွန်းတို့ဖြစ်ကြသည်။

ခံမှည့်သည် ညိုမည်းရောင်၊ အနက်ရောင်၊ ပိတုန်းရောင်သို့ လုပါသည်။ ကိုယ်အမွေးနက်ပြောင်လျက် စပ်ငါးမျိုးနှင့်ယှဉ်သောကြောင့် ခံမှည့် ဖြစ်ပါသည်။

ခံပွန်းသည် အဖြူရောင်သို့ နွယ်ပါသည်။ ကိုယ်အမွေးဖြူစင်လျက် စပ်ငါးမျိုးနှင့် ယှဉ်သောကြောင့် ခံပွန်းဖြစ်ရပါသည်။

ခံယွန်းသည် အနီရောင် မန်ကျည်းစေ့ရောင်မှ ရွှေ့လျောပါသည်။ ကိုယ်အမွေးနီစင်လျက် စပ်ငါးမျိုးနှင့်ယှဉ်သောကြောင့် ခံယွန်းဟူ၍ ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။

စပ်ငါးမျိုးတို့မှာ (က) မျက်ခမ်းနီသည်၊ မျက်ခမ်းစပ်သည်၊ (ခ) အာ၊ လျှာ၊ နှာခေါင်းနီသည်၊ (ဂ) ခွာ ဟသ်ပြဒါးကဲ့သို့ နီသည်၊ (ဃ) သိုအိမ်၊ သိုပတ် ကျီးအာသီးကဲ့သို့ နီသည်၊ (င) ဒွါရ ကွမ်းသွေးကဲ့သို့ နီသည်ဟူ၍ ဖြစ်ပါသည်။

## စံပြုရမည့်မြင်း

မြန်မာမြင်းမျိုးကောင်း ရွေးချယ်မည်ဆိုပါက စံပြုရမည့်မြင်း၊ စံထားရမည့်မြင်းကို ပုံသေချကြည့်ရန် လိုပါသည်။ အမွေးနှင့်ပတ်သက်၍ မြင်းကို မရွေးချယ်သာပေ။ သို့ဖြစ်၍ မြင်း၏အမွေးအရောင်အဆင်းနှင့် ပတ်သက်၍ စံမပြုဘဲ မြင်းကောင်းမြင်းမြတ်၏ ကြန်အင်လက္ခဏာ စသည်တို့ကို စိစစ်ရွေးချယ်ရန် လိုအပ်မည်ဟု ထင်ပါသည်။

mgyoe.com

## မြင်းကောင်း မြင်းမြတ်လက္ခဏာ စစ်ထွက်ခြင်း

ဆင်မြင်းရတနာဟု ဆိုသော်ကြောင့် မြင်းသည် ရတနာတစ်ပါး၌ ပါဝင်ပါသည်။ ရှေးမြန်မာမင်းများ၏ စစ်အင်္ဂါလေးပါးတွင်လည်း မြင်းသည် တစ်ပါးအပါအဝင်ဖြစ်ပါသည်။ သို့ဖြစ်၍ မြင်းကောင်းရွေးချယ်မိရန် အထူး အရေးကြီးပါသည်။ ရှေးဦးစွာ အဌကထာရပါဠိတော် မဟာဝဂ် တတိယသုတ်၌ လာသော မြင်းကောင်း၊ မြင်းမြတ် လက္ခဏာနှင့် မြင်းဆိုးမြင်းယုတ်လက္ခဏာ တို့ကို ယှဉ်ကြည့်ရှုစစ်ဆေးရန် လိုအပ်ပါသည်။

မြင်းကောင်းလက္ခဏာရပ်များမှာ (၁) အမိအဖနှစ်ပါးစုံ၊ အာဇာနည်၊ ဝေဠာဟက စသောမြင်းကောင်းမြင်းမြတ်မျိုးမှန်ခြင်း၊ (၂) သိန္ဓုဝဇနပုဒ် ဟူသော မြင်းကောင်းမြင်းမြတ်တို့၏ ဖြစ်ရာအရပ်၌ ဖြစ်တည်ခြင်း၊ (၃) အစာမရွေး ပေးသမျှကျွေးသမျှကို စားနိုင်ခြင်း၊ (၄) မွေ့မွေ့လျော်လျော် ပျော်ပျော်ပါးပါး သွားလာတတ်သည်ဖြစ်၍ တစ်ပါးကုန်သောမြင်းတို့ မနှိပ်စက် မလွှမ်းမိုးတတ်ခြင်း၊ (၅) မစင်ဘင်ပုတ်ကို စက်ဆုပ်ရွံရှာတတ်သော သဘောရှိခြင်း၊ (၆) မိမိအရှင် ဆုံးမရာကိုနာယူ၍ ကောက်ကျစ်စဉ်းလဲခြင်းမှ ကင်းခြင်း၊ (၇) အတွက်အကပ်မရှိ ဝန်ကိုဆောင်ယူ၍ ခရီးဖြောင့်ဖြောင့်သွား တတ်ခြင်း၊ (၈) အသက်ဆုံးသည့်တိုင်အောင် ခွန်အားမလျော့ခြင်းတို့ဖြစ် သည်။

## မြင်းဆိုးမြင်းယုတ် လက္ခဏာ

မြင်းဆိုး၊ မြင်းယုတ်လက္ခဏာများကို အဌကထာရပါဠိတော်မဟာဝဂ်၊ စတုတ္ထသုတ်၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(၁) ရှေ့သို့နှင်သော်လည်း နောက်သို့ဆုတ်သည်။ ရထားကို ကျောက်ကုန်းဖြင့် နောက်သို့ရွေ့စေတတ်သည်။ (၂) ရှေ့သို့နှင်သော် ခုန်လွှားသည်။ (၃) ရှေ့သို့နှင်သော် ရထားဝက်စွယ်ကို ခြေနှစ်ဖက်ဖြင့် နင်းချိုးသည်။ (၄) ခရီးမဟုတ်သည်ကို သွားတတ်သည်။ (၅) ရှေ့သို့နှင်သော် ပတတ်ရပ်သည်။ (၆) ရှေ့သို့နှင်သော် နှင်တံဇက်ကြိုးတို့ကို ကိုက်ဖြတ်သည်၊ ထွက်ပြေးတတ်သည်။ (၇) ရှေ့သို့နှင်သော် ရှေးမတိုးနောက်မဆုတ်၊ မြဲမြဲစွာ

mgyoe.com

ရပ်၍နေသည်။ (၈) ရှေ့သို့နှင်သော် ခြေကိုသာလှုပ်၍ နေတတ်သည်။

အထက်ပါမြင်းဆိုးမြင်းကောင်း ကြန်အင်များကို လေ့လာပြီး မြန်မာမြင်းကောင်းများကို ရွေးချယ်ရမည်ဖြစ်ပါသည်။

**မြန်မာမြင်းကောင်း ရွေးချယ်ခြင်း**

ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော မြန်မာမြင်းကောင်းများကို မရွေးချယ်မီ အောက်ပါအချက်ကြီးများကို စံထားကြည့်ရှုရပါမည်။

မြင်းကောင်းတစ်ကောင်တွင် ကြီးသုံးကြီး၊ ငယ်သုံးငယ်၊ တိုသုံးတို၊ ရှည်သုံးရှည်၊ နက်သုံးနက်၊ ကျယ်သုံးကျယ်ဟူ၍ ပါရှိပါသည်။

ကြီးသုံးကြီးမှာ ပေါင်သား တင်ပါးပိုင်းကြီးရမည်၊ ရင်အုပ် ရင်ဝပိုင်း ကြီးရမည်။ မျက်လုံး၊ ဦးခေါင်းကြီးရမည်။

ငယ်သုံးငယ်မှာ နားငယ်ရမည်၊ လည်ရင်းကြီး၍ လည်ဖျားငယ်ရမည်။ မြစ်တွေးအဆစ်ပျော့၍ ငယ်ရမည်။

တိုသုံးတိုမှာ နားတိုရမည်၊ ကဲလား ရှေ့ကုန်းတလား (လူထိုင်သည့်နေရာ) ခါးတိုရမည်၊ အမွေးတိုရမည်။

ရှည်သုံးရှည်မှာ တင်ပါးရှည်ရမည်၊ လည်ပင်း ရှည်ရမည်၊ အမြီးရင်းသရက်ကင်းရှည်ရမည်။

နက်သုံးနက်မှာ အာပေါင်အာရင်းနက်ရမည်၊ မျက်စိနှစ်ဖက်နောက်ဘုတ်တွင်းနက်ရမည်။ ခွာအောက် ဘီလားနက်ရမည်။

ကျယ်သုံးကျယ်မှာ နဖူးပြင်၊ ရင်အုံကျယ်ရမည်၊ နှာခေါင်းတွင်းကျယ်ရမည်။ သိုအိမ်သိုဖတ်ကျယ်ရမည်။

ယင်းသို့ အကြီး၊ အငယ်၊ အတို၊ အရှည်၊ အနက်၊ အကျယ်များနှင့် ပြည့်စုံမှသာ မြင်းတစ်ကောင်အတွက် ဝန်ဆောင်ရာတွင် လည်းကောင်း၊ သားဖောက်ရာတွင် လည်းကောင်း ကောင်းမွန်သော စရိုက်အကျင့်လက္ခဏာများနှင့် ပြည့်စုံပေမည်။ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရဌာနကြီးများဖြစ်သည့် တပ်မတော်တပ်ဆွယ်နှင့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း ကော်ပိုရေးရှင်းတို့က မြင်းဝယ်ယူရာ၌ ရင်အုံကျယ်ခြင်းကို ဦးစားပေးပါသည်။ ဥပမာ

mgyoe.com

m g y o e . c o m
အားဖြင့် မြင်းအလျားနှင့် ရင်အုံလုံးပတ်ကွာခြားချက်သည် အများဆုံး ငါးလက်မ ရှိမှသာ ဝယ်ယူပါသည်။ အလျား (တင်ပါးစွန်းထိပ်မှ လက်ပြင်ရိုးစွန်းထိ) ၄၈ လက်မဆိုပါက ရင်လုံးပတ်သည် ၅၃ လက်မမှ ၅၅ လက်မ အထိ ရှိနေစေရပါမည်။

မြင်းတစ်ကောင်၏ ကျန်းမာရေးကောင်း မကောင်းကို မျက်စိဖြင့် ကြည့်ခြင်း၊ အပူချိန်တိုင်းတာ၍ယူခြင်း၊ ဇောင်းဂေါ်ရောဂါရှိမရှိ ပြင်ပအမြင်ဖြင့် စစ်ဆေးခြင်း၊ သွပ်ရောဂါရှိမရှိ အရေပြားနှင့် ဝမ်းဗိုက်အောက်စမ်းသပ်ခြင်း၊ မျက်စိနှင့် မျက်ခွံစစ်ဆေးခြင်း၊ မေးခိုင်ရောဂါရှိမရှိ တတိယမျက်ခွံစစ်ဆေးခြင်း၊ ဆီးနှင့် မျိုးပွားအင်္ဂါများစစ်ဆေးခြင်း၊ ချောင်းဆိုးခိုင်းခြင်း၊ လမ်းလျှောက်ခိုင်းခြင်းတို့ဖြင့် ရောဂါရှာဖွေပါသော်လည်း မျက်မြင်အားဖြင့် ရောဂါမတွေ့ ဖြစ်တတ်သည်။ သို့သော် ဘုတ်တွင်းသည် နက်မနေဘဲ ပြည့်ဖောင်းနေပါက ရောဂါကို မျက်မြင်ဖြင့် စစ်မရသော်လည်း ရောဂါရှိသည်ဟု သတ်မှတ်နိုင်ပါသည်။

သို့ဖြစ်၍ မြင်းကြန်အင်လက္ခဏာနှင့် ဗွေမသိစေကာမူ ယင်းအချက်များကို မှတည်၍ မြင်းကောင်းမကောင်း သတ်မှတ်နိုင်ပါသည်။

မြင်းရွေးချယ်ရာတွင် စံပြုရမည့်အချက်များကို ကဝိလက္ခဏာ သတ်ပုံကျမ်းတွင်–

သင်းခွေဝတ်ပန်း၊ ငယ်ဖြူခန်း၊ မေးဝန်းအာနက်စေ။

ဗွေဆီမီးထွန်း၊ နားတွင်ဝန်း၊ မျက်မှန်းမြင်တတ်စေ။

နှုတ်ဖျားတာဖုံး၊ မြုံလည်းလုံး၊ မြင်ဆုံး ၄က်မသန်း။

ရှစ်အင်စုံမြတ်၊ ဖြူဆွတ်ဆွတ်၊ ဖောင်းဝတ်မြင်း၊ ယဉ်မြင်း ဟူ၍ မြင်းရွေးချယ်ရန် စပ်ဆိုထားပါသည်။

အောက်ပါတို့သည်လည်း မြင်းကောင်းတို့၏ လက္ခဏာများဖြစ်ပါသည်။

အမြင့်သုံးပါးမှာ လက်မြင့်ရမည်၊ လည်ကွေးမြင့်ရမည်။ ထိပ်မြင့်ရမည်။

အချွန်းသုံးပါးမှာ နောက်ခွာ ချွန်းရမည်၊ နားချွန်းရမည်၊ ရင်ချွန်းရမည်။

mgyoe.com

mgyoe.com


အဝန်းသုံးပါးမှာ ရှေ့ခွာဝန်းရမည်၊ မျက်လုံးဝန်းရမည်၊ နှာဝန်းရမည်။

ကောင်းခြင်းသုံးပါးမှာ လည်၏ကောင်းခြင်း၊ ကိုယ်၏ကောင်းခြင်း၊ အမွေး၏ကောင်းခြင်းတို့ ဖြစ်ကြသည်။

အောက်ပါအချက်များသည် မြန်မာမြင်းကောင်း ရွေးချယ်ရာတွင် အရေးပါသောအချက်များဖြစ်ပါသည်။

(၁) ရင်ဝကျယ်ရမည်။ (၂) အမြီးသွယ်သည်။ (၃) လည်ဦးကောက်၍ နောက်နိမ့်သည်။ (၄) ကတင်၌အသားထူသည်။ (၅) အမွေးအမှင်ချောမောပြေပြစ်သည်။ (၆) ကျောက်ကုန်းရိုး ဖြောင့်သည်။ (၇) နံကိုင်းသည်။ (၈) မြုပန်းမြင့်၍ နောက်ကကြည့်သော် ရှေ့ကိုယ်ကို မမြင်နိုင်။ (မြုပန်း ဆိုသည်မှာ နောက်ခြစ်ခုံနှစ်ဖက်ပင် ဖြစ်ပါသည်။) (၉) နံ၊ တင်၊ ကုန်း ကျယ်သည်။ (၁၀) အမွေးအမှင် မကွေးမယှက် ရှင်းလင်းသည်။ (၁၁) မျက်မြင်အားဖြင့် ကြီး၍ စီးသည့်အခါငယ်သည်။ (၁၂)ခွာ လေးဘက်အမြင်အားဖြင့် ထူ၍ ကိုင်ကြည့်သော် ပါးသည်။ (၁၃) ခွာတို့သည် ရွှေဖလားကိုမှောက်၍ ထားဘိသကဲ့သို့ တင့်တယ်သည်။ (၁၄) ရှေ့ခွာတို့သည်ဝန်း၍ နောက်ခွာတို့သည် ချွန်းသည်။ (၁၅) အမြီးသည် ပိုးချည်မျှင်ကို မရှုပ်ထွေးစေခြင်းငှာ ဖြီးသင်၍ထားသကဲ့သို့ ကြော့ရှင်းတင့်တယ်သည်။ ဆံစုကိုစည်းထားသကဲ့သို့ သွယ်ဆင်းသည်။ (၁၆) မြီးရိုး မြီးခေါင်းသွယ်သည်။ (၁၇) နားရွက်ငယ်သည်။ (၁၈) လည်ရင်းကြီး၍ လယ်ဖျားငယ်သည်။ (၁၉) ဝမ်းဗိုက်အကြောယှက်သန်းခြင်းများသည်။ (၂၀) သိုမွေးနှင့် ရင်မွေး တစ်စပ်တည်းရှိသည်။ (၂၁) နှာရောင် ဖြောင့်ဖြောင့်တန်းတန်းရှိသည်။ (၂၂) ပါးရိုးကြေးကွေးကဲ့သို့ ဝန်းသည်။ (၂၃) နဖူးပြင်ကျယ်သည်။ (၂၄) နှာခေါင်းတွင်းကျယ်သည်။ (၂၅) သိုအိမ်သိုဖတ် ကျယ်သည်။ (၂၆) အထက်နှုတ်ခမ်း၊ အောက်နှုတ်ခမ်းတို့သည် မရွဲ့မစောင်း တိုင်း၍ဖြတ်ဘိသကဲ့သို့ တညီတည်း အတိအကျရှိသည်။ (၂၇) နားရွက်တို့သည် ကျုံရိုးကို ဓားကောင်းကောင်းဖြင့် တစ်ဖက်စောင်း ချွန်ထားသကဲ့သို့ ချွန်းသည်။ (၂၈) မျက်လုံးတို့သည် ကြွယ်ဂယ်လောင်း၏ မျက်လုံးကဲ့သို့ ပြူးပြူးရွဲရွဲရှိသည်။ (၂၉) ခေါင်းသည် ယုန်တစ်ကောင်၏ ဦးခေါင်းကို ဆုတ်ခွာထားသကဲ့သို့ရှိသည်။

mgyoe.com

(ခေါင်းရေပါးခြင်းဖြစ်ပါသည်။) (၃၁) နောက်ပေါင်သည် တရုတ်စောင်းကဲ့သို့ ကွေးကောက်သည်။ စိုင်ပေါင်ကျကောင်းသည်။ (၃၁) ရှေ့လက်တို့သည် အောက်ကျဉ်း၍ အထက်၌ကပ်ပြီး ဖြောင့်ဖြောင့်စင်းစင်း၊ ဝန်းဝန်းကွင်းကွင်းရှိသည်။ (၃၂) ဦးစွန်း၊ အမြီး၊ မှင်ဆံ၊ လည်ဆံတို့သည် မထွေးမယှက်၊ သေသေသပ်သပ် ညီညီညွတ်ညွတ်ရှိ၍ သိမ်မွေ့သေးမျှင်များပြားထူထပ်သည်။ (၃၃) ချည်တိုင်တွင် ကြိုးဖြင့်ချည်ထားသည်ရှိသော် ချည်တိုင်ကို လှည့်လည်ပတ်ရံလျက် ကျင်ကြီးစွန့်သည်။ (ချေးကန့်လန့်ကာဟု ခေါ်သည်။) (၃၄) အမွေးကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသည်။ (၃၅) ခွာတွင်း ဆက်ရိုးနားတွင် အနက်သုံးပါးနှင့်ပြည့်စုံသည်။ (ဆက်ရိုးဆိုသည်မှာ မြစ်တွေးဖြစ်သည်။) (၃၆) ရှေ့ခွာ၊ မျက်လုံး၊ နှာအဝန်းသုံးပါးနှင့် ပြည့်စုံသည်။ (၃၇) နောက်ခွာ၊ နား၊ ရင်အချွန်းသုံးပါးနှင့် ပြည့်စုံသည်။ (၃၈) မှင်ရိုး၊ နားရွက်၊ လက်ဖျံအငယ်သုံးပါးနှင့် ပြည့်စုံသည်။ (မှင်ရိုးဆိုသည်မှာ လည်ဆံဖြစ်ပါသည်။) (၃၉) မျက်လုံး၊ ဦးခေါင်း၊ နှာ အကြီးသုံးပါးနှင့် ပြည့်စုံသည်။ (၄၀) နှာ၊ တင်၊ ရင်ဝကျယ်ရမည်။ (၄၁) လည်၊ လက်ကွေး၊ ထိပ် အမြင့်သုံးပါးနှင့် ပြည့်စုံသည်။ (၄၂) အိပ်သောအခါ မတ်တတ်ဖြစ်စေ၊ စင်း၍ဖြစ်စေ ငြိမ်သက်စွာအိပ်သည်။ (၄၃) မစင်ဘင်ပုပ်ကို စက်ဆုပ်ရွံရှာသည်။ (၄၄) ဇောင်း၊ စားခွက်၊ ချည်တိုင်၊ အိပ်ရာနေရာကို သိသည်။ (၄၅) ဇက်ခွံ့သောအခါ တဖျတ်ဖျတ်မကိုက်ဝါးမူ၍ ငြိမ်သက်စွာရှိသည်။ (၄၆) အကြောက်အရွံ့၊ အလန့်အဖျပ်မရှိ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည်။ (၄၇) အရှင်ကို ချစ်ခင်လေးမြတ်သည်။ (၄၈) စီးသည့်အခါ အကောက်အကျစ် အခိုအကပ်မရှိ။ အရှင့်အလိုကိုသိ၍ ရွှင်ရွှင်ပျပျ မွေ့မွေ့လျော်လျော် ပျော်ပျော်ပါးပါး စီးလိုရာသို့ ဖြောင့်တန်းစွာသွားသည်။

အောက်ပါအချက်များသည် မြင်းဆိုးမြင်းယုတ်လက္ခဏာများ ဖြစ်ပါသည်။

(၁) စီးသောအခါ ကုန်းခါသည်။ (၂) နောက်ပစ်ထိုးသည်၊ နောက်ဆုတ် ကန်ကျောက်သည်။ (၃) ဖီလာသွားသည်။ (၄) သွားကိုဖြဲ၍ ပြေးသည်။ (၅) လည်ကိုငုံ့၍ငုံ့၍ပြေးသည်။ (၆) လူးလဲသည်။ (၇) ငုံ့လျှိုးသည်။ (၈) တိမ်းယိမ်း၍ပြေးသည်။ (၉) စောင်း၍ပြေးသည်။ (၁၀) ပတတ်ရပ်သည်။

mgyoe.com

mgyoe.com


(၁၁) စီးသူကိုပြန်၍ကိုက်သည်။ (၁၂) ဦးခေါင်းကို မြှောက်သည်။ (၁၃) ကန်သည်၊ ကျောက်သည်၊ ပေါက်သည်။ (၁၄) အိပ်သောအခါ ရှူသည်၊ ညည်းသည်။ (၁၅) သွားကြိတ်သည်။ (၁၆) ကြိုးကိုဝါးတတ်သည်။ ဇက်ခွံ့ကို တဖျတ်ဖျတ်ဝါးတတ်သည်။ (၁၇) အစာခွက်တွင် ကျင်ကြီးစွန့်သည်။

အထွေထွေဗွေတို့နှင့် မလွတ်ကင်းသည့် မြင်းဆိုးလက္ခဏာများကိုမူ ရှေ့တွင် ဆက်လက်ဖော်ပြပါမည်။

## မြင်းဝယ်ယူခြင်း ရိုးရာဓလေ့များ

မြန်မာတို့ဓလေ့တွင် အစွဲအလမ်း မင်္ဂလာအယူဟူ၍ ရှိပါသည်။ အချို့ကမူ အယူသီးမှုဟုဆိုကြသော်လည်း ဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာလူမျိုးတို့၏အကြားတွင် နတ်ကိုးကွယ်မှုသည် ပျောက်ဖျက်မရနိုင်သကဲ့သို့ အစွဲအလမ်း အယူအဆလမ်းကြောင်းတို့သည်လည်း တိမ်းစောင်းသည်ဖြစ်စေ၊ မှန်ကန်သည်ဖြစ်စေ အရပ်ဓလေ့များကို စွန့်ပစ်ခဲ့ပါသည်။ အောက်တွင် မြန်မာတို့၏မြင်းနှင့် ပတ်သက်သော ဓလေ့များကို ဆန်းစစ်နိုင်ရန် တင်ပြလိုက်ပါသည်။

ခုနစ်နေ့သား မြင်းမွေးရာတွင်–

> မြင်းမွေးကျမ်းကို ပြည့္သွန်းဆို၊ လူဗိုလ်မှတ်နားသွင်း၊ တနင်္ဂနွေသားမှာ၊ မွေးသင့်ရာ ဆင်မှာနီးမောင်း၊ ဖောင်းဝတ်မြင်း။ တနင်္လာမှာ ပြောက်အဖြူ မှတ်ယူအုန်းခွံမြင်း။ အင်္ဂါမြင်းနက်၊ စိုင်လျော်ချက်၊ တစ်သက်မှတ်လေမင်း။ ဗုဒ္ဓဟူးသားမူ ဘေးလက်ဖြူ၊ မဋ္ဌူနီခြင်းခြင်း။ ကြာသပတေးရွှေ၊ သောကြာပေ မွေးလေခံသီးဆင်း၊ စနေနီနက်၊ မွေးရန်ချက်၊ ကျမ်းထွက်မှန်မယွင်း။

ဟူ၍ သုတသန္နိစယကျမ်းတွင် ပြဆိုပါသည်။

ခုနစ်ရက်သားတို့ စီးနင်းရန်မြင်းများမှာ တနင်္ဂနွေ မြင်းညိုဖောင်းဝတ်၊ တနင်္လာ မြင်းရွှေဖောင်းဝတ်၊ အင်္ဂါမြင်းနက်၊ သင်းခွေ၊ ဗုဒ္ဓဟူးမြင်းနက်၊ သံငှက်၊ ကြာသပတေးမြင်းပြောက်၊ ခရုသင်း၊ သင်းခွေ၊ သောကြာ မြတ်ဝတ်

mgyoe.com

mgyoe.com

ပန်း၊ အုန်းခွံ၊ စနေ မြင်းနီ သမင်ဝမ်းတို့ကို စီးနင်းကြရမည်ဟု မြင်းကျမ်းတို့တွင် ဖော်ပြထားပါသည်။

မြင်းတို့ထားရန် နေရာရွေးခြင်းနှင့် ပတ်သက်၍ ရွှေတိုးဂါမံအစချီ မြင်းကြန်လင်္ကာတွင်–

ဗေဒင်ကျမ်းအလို၊ အင်္ဂါဖီလာ၊ ကျလေရာ၌၊ မြင်းသာထားမူ၊ လားလားမသင့် ဆို၏။ မတိုသက္ကရာဇ်၊ ယင်းတို့ဖီလာ၊ သိလိုပါမူ၊ မှန်စွာ တည်တုံလစ်မှ၊ နှစ်ဆယ်ရှစ်နှော၍သာ၊ မြှော်ထောက်ရှုမှ၊ သုံးခုမြောက်ပါလော၊ ရှစ်ခုသာစားပြီးလျှင်၊ ကြွင်းသေသဖြင့်၊ ဘောမအင်္ဂါခွင်မှ၊ တခွင်လွန်လျှင်၊ ရေတုံလတ်၊ ကျလေရာကို၊ အင်္ဂါဖီလာမှတ်လော့

ဟူ၍ ဖော်ပြထားပါသည်။

❑

mgyoe.com

mgyoe.com

အခန်း (၃)

## မြင်းဗွေများ

မြန်မာတို့သည် မြင်းရွေးချယ်ရာတွင်လည်းကောင်း၊ နွားရွေးချယ် ရာတွင် လည်းကောင်း ဝယ်ယူလိုသည့်အခါတိုင်း ဗွေများကို အထူးဂရုပြု ရွေးချယ်ကြပါသည်။ ဗွေနှင့် ပတ်သက်၍ ခိုက်သည် မခိုက်သည်၊ ကောင်း သည် မကောင်းသည်များကို အတိအကျ သက်သေအခိုင်အမာ မဆိုနိုင်လင့် ကစား အနည်းနှင့်အများ မှန်ကန်သည်ကို တွေ့မြင်နေရသောကြောင့် ဗွေဆိုးလက္ခဏာများကို မှန်ကန်သည်ဟု စာရေးသူအနေဖြင့် ထင်မြင်ယူဆ ပါသည်။ သို့ဖြစ်၍ မြင်းကြန်အင်္ဂါရပ်များကို ကျမ်းစာစောင်မှ ထုတ်နုတ်၍ တင်ပြရခြင်းဖြစ်ပါသည်။

မြင်းဗွေ၊ မြင်းကျားများကို အောက်ပါအတိုင်း ခွဲခြားထားပါသည်။

(က) မြင်းကျားများ။ ။ မြင်းကျား ၃၁ မျိုး ရှိပါသည်။ မြင်းကျား တွင် ကျားသည့်နေရာ သဏ္ဌာန်ကိုလိုက်၍ အကောင်း၊ အဆိုး၊ ဇယဟူ၍ ဖော်ပြကြသည်။ ကောင်းသည့် အကျား ၁၇ မျိုး၊ မကောင်းသည့်အကျား ရှစ်မျိုး၊ ကောင်းမကောင်း မဖော်ပြသည့် ဇယကျားခြောက်မျိုးဟူ၍ အသီးသီး ရှိပါသည်။

ကောင်းသည့်အကျား ၁၇ မျိုးမှာ (၁) မြင်းဦးခေါင်းသာဖြူသည်၊ (၂) ဦးခေါင်းနက်၍ ကိုယ်ဖြူသည်၊ (၃) နံတောင်းတစ်ဖက်ဖြူ သို့မဟုတ်

mgyoe.com

mgyoe.com

နှစ်ဖက်ဖြူ၊ (၄) ရှေ့လက်နှစ်ချောင်းကစ၍ နောက်မြီးပျမ်းတိုင်ဖြူသည်။ (၅) လည်ပင်းနှစ်ဖက်ဖြူ၊ (၆) လည်ပင်းတစ်ဖက်ဖြူ၊ (၇) နားနှစ်ဖက်ဖြူ၊ (၈) တင်ပါးတွင် ပြောက်ကျားဖြူ၊ (၉) ရှေ့ဖြူ၍နောက်ကျား၊ (၁၀) ကျောကုန်းတွင် လူဝပ်သကဲ့သို့ဖြူ၊ (၁၁) ကုန်းကကိုဝမ်းလျောက်၍ဖြူ၊ (၁၂) ရင်စွန်ရင်လွန်မြီးပျမ်းဖြူ၊ (၁၃) လေးဖက်ဖြူ၊ (၁၄) ရှေ့လက်နှစ်ဖက်ဖြူ၊ (၁၅) လေးဘက်ပဆစ်ဒူးထိဖြူ(ဟာရိဟာရမည်)၊ (၁၆) ရင်အုံလက်ကြားရောက်ဖြူ(ဟာသ်ာမကျားမည်)၊ (၁၇) လက်ဝဲလက်ယာနင်းတက်ဖြူ(ငွေလှေကား၊ ရွှေလှေကား) တို့ ဖြစ်ကြသည်။

မကောင်းသည့်မြင်းကျား ရှစ်မျိုးမှာ (၁) နံနှစ်ဘက်ရှေ့ လက်ပါဖြူသည်၊ (၂) နောက်တစ်ပိုင်းသာဖြူ၊ (၃) ကတွင်ဖြူ၊ (၄) နောက်နှစ်ချောင်းဖြူ (လစ်လူရှိ၏)၊ (၅) လက်နှစ်ချောင်း ခြေတစ်ချောင်းဖြူ (လစ်လူရှိ၏)၊ (၆) လက်တစ်ချောင်းဖြူ၊ (၇) လက်တစ်ချောင်းဖြူ၊ ခြေတစ်ချောင်းဖြူ၊ (၈) ဦးခေါင်းခြေလက်မှထွက်၍ သင်တိုင်းဝတ်သကဲ့သို့ ဖြူသို့မဟုတ်သင်တိုင်းချွတ်သကဲ့သို့ ဖြူတို့ ဖြစ်ကြသည်။

ကောင်းမကောင်းကိုမပြသည့် ဇယမြင်းကျား ခြောက်မျိုးမှာ (၁) ခွာကျားသည်၊ (၂) အာအပြောက်အစက်ပါသည်၊ (၃) နှုတ်သီးသည် ခရုသင်းကဲ့သို့ ရှိသည်၊ (၄) မျက်နှာကျားသည်၊ (၅) လက်တွင်း၊ ပေါင်တွင်း ဖြူသည်၊ (၆) ရင်အုံနှစ်ဖက် လက်နှစ်ဖက် ပခုံးထိဖြူသည် (ဝိသခ်မည်၏) ဟူ၍ဖြစ်သည်။

## ဗေွများအကြောင်း

မြင်းဗေွများကို အရေပြားတွင် အပွေးအနေကို သိရသည့် ဗေွ ၄၅ မျိုး၊ အသားဗေွ ၂၆ မျိုး၊ အရိုးဗေွ ၁၈ မျိုး၊ အပွေးကြီးငါးမျိုးတွင် ပါဝင်သည့် စီးမှမြင်ရသည့်ဗေွ ၁၁ မျိုး၊ ပြေးမှမြင်ရသည့် ဗေွ ၁၀ မျိုး၊ ချည်မှသိရသည့် ဗေွ ခုနစ်မျိုး၊ ရေသို့ချမှ သိရသည့် ဗေွခြောက်မျိုး၊ အိပ်မှသိရသည့် ဗေွခြောက်မျိုး၊ အိပ်မှကြားရသည့်ဗေွသုံးမျိုးနှင့် သန္တာပြန်ငါးမျိုး၊ သူကောင်တင်သုံးမျိုး၊ လင်းတသိုက် သုံးမျိုး၊ လင်မငိုက်သုံးမျိုး၊ အရိုးကန်နက် သဲ၊ အရေကန်နက်သဲ၊ ခြေချင်းခတ်၊ ငှက်မသန်း၊ သသုံးလုံး၊

mgyoe.com

mgyme.com

ပန္နက်ကြီး၊ ပန္နက်ကလေး၊ ရွှေ ဖလားခံ၊ ငွေဖလားခံဟူ၍ ခွဲခွဲခြားခြား စစ်ဆေးကြည့်ရှုနိုင်ပါသည်။

**အမွေးဖွေ**

မြင်းတစ်ကောင်တွင် ဖွေ ၄၅ မျိုး၌ မပါလျှင်မဖြစ်သည့် ပဋိသန္ဓေဖွေ ၁၀ မျိုးပါရှိပါသည်။ မြင်းရှေ့၌ ခြောက်မျိုး၊ နောက်တွင် လေးမျိုးဖြစ်ပါသည်။ ဖွေကျော်မှာ ရှေ့ ၆၊ နောက် ၄၊ ပေါင်း ၁၀ မျိုးပင် ဖြစ်ပါသည်။ မြင်းအရေပြား မြင်းမွေးပေါ်တွင်ရှိသည့် အမွေးဖွေ ၄၅ မျိုးကို ရှေးဦးစွာ ဖော်ပြလိုပါသည်။

၎င်းတို့၏ တည်နေရာတွင် ကောင်းသောဖွေ၊ မကောင်းသော (ခိုက်သော) ဖွေများကိုလည်း ယှဉ်တွဲဖော်ပြလိုက်ပါသည်။

(၁) နှုတ်တံဆိပ်ဖွေ– အထက်နှုတ်ခမ်းဖျား၌ ရှိ၏။ ပဋိသန္ဓေဖွေဖြစ်သည်။ မပါက မကောင်းပေ။ (၂) မုတ်ဆိတ် ဖွေ (ဖွေဆိုး)– အောက်နှုတ်ခမ်းဖျား၌ ရှိသည်။ (၃) ဇက်ခွံ့ဖွေ (ဖွေဆိုး)– အာခံတွင်း၌ ရှိသည်။ (၄) စားခွက်နှိပ်ဖွေ (ဖွေဆိုး)– အောက်မေးနှစ်ဖက်၌ ရှိသည်။ (၅) ဆည်းလည်းဝတ်ဖွေ– ရေမျိုလည်ချောင်းအောက်၌ ရှိသည်။ ၎င်းတွင် တစ်ပွင့်လုံးဖြူမူ အောက်ကြာဟု ခေါ်သည်။ ဖွေကျော် ဖွေကောင်းဖြစ်သည်။ (၆) မှန်ဖွေ– မျက်လုံးနှစ်ဖက်ကြား၌ ရှိသည်။ ပဋိသန္ဓေဖွေ ဖြစ်သည်။ မပါက မကောင်းပေ။ (၇) မှန်လျှော သို့မဟုတ် မျက်ရည်ခံဖွေ– မျက်လုံးနှစ်ဖက်ကြားအောက်၌ရှိသည်။ ဖွေဆိုးဖြစ်၏။ ကွေကွင်းပျက်စီးတတ်သည်။ (၈) ဖွေတံစို့ (ဖွေဆိုး)– မှန်အထက် နှစ်လုံး သုံးလုံးရှိသည်။ (၉) ပါးတီးဖွေ (ဖွေဆိုး)–ပါးတွင်ရှိသည်။ ဘဏ္ဍာ၊ ဥစ္စာမရရှိသောဖွေ ဖြစ်သည်။ (၁၀) လိပ်စရိုဖွေ (ဖွေဆိုး)– ထိပ်ဆံအောက်တွင်ရှိသည်။ (၁၁)လိပ်ခေါင်းဖွေ– လိပ်စရိုဖွေတွင် အသားစုံ့ တက်ပါက လိပ်ခေါင်းဖွေဟုခေါ်သည်။ ဖွေဆိုးဖြစ်၏။ (၁၂) ဖွေတံကျင် (ဖွေဆိုး)– ဖွေသုံးလုံး ကန့်လန့်ရှိပါက ဖွေတံကျင်ဟုခေါ်သည်။ (၁၃) ပတ္တမြားခုံလောက်ဖွေ– မှန်နှင့်ဖြစ်စေ၊ လိပ်စရိုနှင့်ဖြစ်စေ သုံးလုံးဖိုခုံလောက်ဆိုင်ရှိသည်။ ဖွေကျော်ဖွေကောင်းဖြစ်သည်။ (၁၄) ပန်းချပ်ဖွေ– ထိပ်ဆံရင်း တစ်ဖက်တစ်လုံး ရှိသည်။ ကျိုးပြစ်မရှိသောဖွေ ဖြစ်၏။

mgyme.com

mgyoe.com


(၁၅) လက်ဖှ့ဆိုင်ဖွေ (ဖွေဆိုး)– ထိပ်ဆံအောက် လိပ်စရိုနှင့်တကွ နှစ်လုံးပြိုင် ရှိသည်။ ခိုက်ရန်ဖြစ်တတ်သည်။ (၁၆) နားစောင့်ဖွေ (ဖွေကောင်း)– နားရင်းတွင် ရှိသည်။ ၎င်းဖွေမရှိမူ ပြာပုံတွင်အိပ်သောခွေးနှင့် တူ၏။ (၁၇) ငိုသံနားဖွေ (ဖွေဆိုး)– နားနောက်တွင်ရှိသည်။ ကွေကွင်းပျက်စီးတတ်သည်။ (၁၈) ငိုသံကြားဖွေ (ဖွေဆိုး)– နားအောက်တွင် ရှိသည်။ ကွေကွင်းပျက်စီးတတ်သည်။ (၁၉) ဖွေတန်ဆောင် (ဖွေကောင်း)– နားဖျားတွင် ရှိသည်။ စီးသူ ဘုန်းတန်ခိုးကျော်စောသည်။ (၂၀) ကျားဆုပ်ဖွေ (ဖွေဆိုး)– လည်ကုပ်အောက် လည်ချိုင့်တွင်ရှိသည်။ (၂၁) သန်လျက်ဖွေ (ဖွေကောင်း)– မှင်ရိုးလည်ရိပ်တွင်ရှိ၏။ (လည်ဆံအလယ်၌ ရှိတတ်၏။ ရှေ့သို့သွားသော် သူရဲကောင်းစီးရာ၏။ နောက်သို့ပြန်မူ မစီးရာ)။ (၂၂) သန်လျက်ခံဖွေ (ဖွေဆိုး)– သန်လျက်ဖွေအောက်၌ ရှိသည်။ (၂၃) မောက်တိုရိပ်ဖွေ (ဖွေဆိုး)– သံလျက်ဖွေနောက် တစ်ထွာကြား၌ ရှိသည်။ (၂၄) သစ်ရောင်စူးဖွေ– ရင်ဒူးတွင်ရှိသည်။ အပြစ်မရှိသောဖွေ။ စီးသူ၌ အပြစ်မရှိပေ။ (၂၅) ရင်ဝသုံးတန်ကြားဖွေ– သစ်ရောင်စူးဖွေအောက်ရင်းတွင် ကင်းသန်း၊ အရောင်ကဲ့သို့ သုံးလုံးရှိသည်။ ဖွေကျော်၊ ဖွေကောင်းဖြစ်၏။ ဆင်းရဲသားနှင့်မတန်။ ရဟန်း၊ ပုဏ္ဏား၊ မင်းနှင့် ထိုက်၏။ (၂၆) အတွင်းလက်ဖွဲ့ဖွေ (ဖွေကောင်း)– ရှေ့လက်အတွင်းရှိသည်။ ဆင်းရဲသားနှင့်မတန်။ မင်း၊ ရဟန်းသာ ထိုက်၏။ (၂၇) အပြင်လက်ဖွဲ့ဖွေ (ဖွေကောင်း)– ရှေ့လက်အပြင်၌ရှိသည်။ မင်း၊ ရဟန်း၊ ပုဏ္ဏားနှင့်သာ ထိုက်တန်သည်။ (၂၈) မျက်ရည်သုတ်ဖွေ (ဖွေဆိုး)– လက်ဆစ်အောက်အတွင်း အပြင်၌ရှိသည်။ စီးသူ ချည့်နဲ့နဲ့ရှိသည်။ (၂၉) ထိပ်ကျည်းနက်ဖွေ (ဖွေဆိုး)– မျက်ရည်သုတ်အောက် ခွသီးအထက်၌ ရှိသည်။ (၃၀) အာမခံဖွေ (ဖွေကောင်း)– လက်ပြင်ရိုး တစ်ဖက်တစ်ချက်တွင် ရှိသည်။ (၃၁) က– ဦးဖွေ (ဖွေဆိုး)– မှင်တန်အဆုံး၌ ရှိသည်။ မစီးနင်းရာ။ သားဦးမကောင်း ရှိတတ်၏။ စီးသူအား မြားသင့်တတ်သည်။ (၃၂) ထီးရိုးစိုက်ဖွေ– က– ဦး၏နောက်ကျောကုန်းအလယ်၌ ရှိသည်။ ဖွေကောင်းဖွေကျော်ဖြစ်၏။ ရဟန်း၊ ပုဏ္ဏား၊ မင်းတို့ စီးထိုက်သည်။ (၃၃) က– ညောင်ဖွေ (ဖွေဆိုး)– ထီးရိုးစိုက်ဖွေ နောက်တစ်ထွာကြား၌ ရှိသည်။ စီးသော် ညီ မကောင်း ရှိတတ်သည်။ စီးသူ မြားသင့်တတ်သည်။

mgyoe.com

mgyoe.com

(၃၄) မြီးဖြန်းချွတ်ဖွေ (ဖွေဆိုး)– က– ညှောင်းနောက်တင်ခုံတွင် ရှိသည်။ (၃၅) ဆောင်ဖွေရစ် (ဖွေဆိုး)– မြီးဖြန်းချွတ်နောက် အမွေးရောက် သို့မဟုတ် ဖွေ ရှိလျှင် ဆောင်ဖွေရစ်ဟု ခေါ်သည်။ (၃၆) ခွေးဆွဲဖွေ (ဖွေဆိုး)– ဖရုံဆွဲသား တင်ပါး၌ ရှိသည်။ ဒဏ်သင့်တတ်သည်။ ကွေကွင်းပျက်စီးတတ်သည်။ (၃၇) ညွှန်ကျုံဖွေ (ဖွေဆိုး)– ခွေးဆွဲအောက် တံကောက်တစ်လျှောက်ရှိသည်။ (၃၈) သပွတ်ဆွဲဖွေ (ဖွေကောင်း)– နံပါးပေါင်စပ် တစ်ဖက်တစ်ချက်၌ ရှိသည်။ (၃၉) ဖွေစု– သပွတ်ဆွဲနေရာတွင် ဖွေလေးငါးလုံးစုနေသည်။ ဖွေကောင်း၊ ပဋိသန္ဓေဖွေ၊ ဆင်းရဲသားနှင့်မတန်။ မင်းနှင့်သာ ထိုက်တန်သည်။ (၄၀) ခရုပတ်ဖွေ (ဖွေဆိုး)– ထိုနေရာဝန်းလျက် အကျဉ်းအကျယ်ရှိသည်။ (၄၁) အတွင်းသိုအိမ် ခရုပတ်ဖွေ– သိုအိပ်အနီးအနား၌ ရှိသည်။ ဖွေကောင်းဖြစ်၏။

## မြင်းတို့၏ ဖွေတည်ရာပြပုံ



mgyoe.com

mgyoe.com

(၄၂) သိုခတ်ဖွေ (ဖွေဆိုး)– သိုခရုပတ်ဝမ်းကြောအလယ်၌ ရှိ၏။ (၄၃) ဖွေသင်ဖြူးခင်း (ဖွေဆိုး)– သိုခတ်ရှေ့ လက်ကတီးအောက်၌ ရှိသည်။ ဥစ္စာမတည်တတ်ပေ။ (၄၄) နင်းတက်ဖွေ (ဖွေကောင်း)– နံဘေးနင်းတက် (လက်အောက်) ၌ရှိသည်။ (၄၅) နင်းသက်ဖွေ– နံဘေးနင်းသက်၌ ရှိသည်။ ဖွေကောင်းဖွေကျော် ဖြစ်သည်။

ယင်း ၄၅ မျိုးမှာ မြင်းကြန်ဆရာများ လက်ခံထားကြသော ဖွေများ ဖြစ်ပါသည်။ သို့သော် မူကွဲများအရ အောက်ပါဖွေများကို ထပ်မံလေ့လာ တင်ပြလိုက်ပါသည်။

(၁) ပုလဲတန်ဆောင်ဖွေ– မှန်အထက်၌ ဖွေတစ်လုံးရှိမူ ခေါ်ဝေါ်ပါသည်။ ဖွေကျော်– ဖွေကောင်း ဖြစ်ပါသည်။ (၂) နှလုံးခွံဖွေ– လက်ကြား၌ ရှိသောဖွေကို ခေါ်ပါသည်။ ဖွေဆိုးဖြစ်၏။ မစီးရာပေ။ မယားမကောင်း ရှိတတ်သည်။ (၃) ချေးရေခံဖွေ– အမြီးအောက်နားတွင် ဖွေယှက်ရံနေသည်ကို ခေါ်ပါသည်။ လင်မငိုက်သုံးမျိုးတွင် ပါဝင်သည့်ဖွေဆိုး ဖြစ်ပါသည်။ (၄) သူယောင်ဖွေ– မျက်လုံးတွင် လူတစ်ယောက်ကို နှစ်ယောက်အရိပ်မြင်ရသည်ကို ခေါ်ပါသည်။ ဖွေကျော်ဖွေကောင်းဖြစ်ပါသည်။ (၅) ကျီးနားဖွေ– ထီးရိုးစိုက်ဖွေနှင့် ကညောင်းဖွေကြား၌ ရှိသည်။ ဖွေကောင်းဖြစ်၏။ (၆) ပြည်မျှော်ဖွေ– မျက်ခွံပေါ်တွင် ဖွေနှစ်လုံးကန့်လန့်တန်း၍ ရှိသည်။ ကျိုးပြစ်မရှိသောဖွေဖြစ်သည်။ (၇) ရွှေကြိုးဖွေ– ကျားဆုတ်ဖွေရှေ့ လည်ချိတ်၌ရှိသည်။ ကျိုးပြစ်မရှိသောဖွေ ဖြစ်သည်။ (၈) ဖွေဖထိုင်– ခြေလေးဘက်တွင် ခွာဆစ်အထက်၌ ရှိသည်။ ဖွေကောင်းဖြစ်သည်။ (၉) မြပုခက်ဖွေ– ရပ်နေလျှင် ကိုယ်ဘယ်ညာ ယိမ်းနေတတ်သည်။ (၁၀) ပတ္တမြားမျက်မှန် ကန်တော့ဖွေ သို့မဟုတ် ရေခမိုးဖွေ– နှာရောင်ရိုးအထက်၌ ရှိသည်။ ထိပ်ဆံအောက်မှန်နှင့် တန်း၍နေသည်။ (၁၁) ပါးချပ်ဖွေ– ထိပ်ဆံတွင် ရှိသည်။ (၁၂) မီးထွန်းဖွေ– နား၏အတွင်း၌ ရှိသည်။ (၁၃) လက်နှိပ်ဖွေ– မြို၏ရှေ့၊ မြင်းစီးသူသည် လက်ဖြင့်ရှေ့သို့ ထောက်လိုက်လျှင် ထိသောနေရာဖြစ်သည်။ (၁၄) မေးရိုးထွက်ဖွေ– မေးရိုးတွင် ရှိသည်။ (၁၅) စားခွက်နှိပ်ဖွေ– စားသောအခါ အောက်မေးရိုးတွင် ရှိသည်။ (၁၆) မျက်ရေခံငယ်– လက်ဆစ်အောက်စီးသူ ခြေခတ်သောနေရာတွင် ရှိသည်။ (၁၇) နွံနစ်ဖွေ– အပြင်လက်ဖွဲ့ဖွေအောက်

mgyoe.com

mgyoe.com


၍ နေသည်။ (၁၈) ရွှေချိန်ခွင်ဖွေ– ကျောရိုးပေါ်တွင် နှစ်လုံးပြိုင်၍ နေသည်။ (၁၉) ထိပ်ချည်ချွတ်ဖွေ– မြစ်တွေးတွင် ပါသည်။ (၂၀) ငှက်တုတ်ဖွေ– မြီးညောင်းရိုးပေါ်တွင် ရှိသည်။ (၂၁) လင်းတနှိုက်ဖွေ– အမြီးအောက် ဒွာရ အနီးတွင် ရှိသည်။ (၂၂) ကျပ်စည်းဖွေ– အမြီးအလယ်တွင် ရှိသည်။

စိန္တကျော်သူ ဦးရွှဲသည် မြင်းဖွေများနှင့် ယင်းတို့၏တည်ရာကို လင်္ကာဖြင့် ဖွဲ့ဆိုထားသည်မှာ–

မျက်ရည်ခံဖွေ၊ မျက်အောက်နေ၏၊ မှတ်လေတခြား၊ ငိုသံကြားကား၊ နားအတွင်းမှာ၊ ငိုသံနားမူ၊ နားအောက် ယူရှင့် မှတ်ယူ နားထောင်၊ မျက်မှောင်မျက်တက်၊ ပြက်ပြက်ပြိုပြို၊ ပုလဲ တန်ဆောင်၊ နှာရောင်မှာရှင့်၊ သုံးလုံးဆင်၏၊ အသင့်ရှည်ရှုံ၊ သုံးလုံးစုံကား၊ ပတ္တမြားခံလောက်၊ ကျုံနောက်နားဖျား၊ ပတ္တမြားတန်ဆောင်၊ ပါးစောင်ဇက်ခွံ့၊ သိအုံ့ထင်ရှား၊ ပါးတွင်ဖွေကြီး၊ ပါးတီးပုတ်ငုံ၊ စေ့စုံဖွေမျိုး၊ မေးရိုးအောက်ရိပ်၊ စားခွက်နှိပ်တည့်၊ ထိပ်၌တပြိုင်၊ လက်ဖွေဆိုင်ဟု၊ မဲခိုင်မှတ်လောက်၊ စကောက်ရေမျို၊ ထိုနှင့် စပ်မြိတ်၊ လည်ချိတ်ကျားဆုတ်၊ မမြုတ်တိမ်ကောင်း၊ လည်ချောင်းဆည်းလည်း၊ ပေါင်းစည်းဖြင်ဖြင်၊ လယ်ခွင်ရင်ဒူး၊ သစ်ရောင်စူးနှင့်၊ ရှည်ပူးအောက်နည်း၊ ရင်ဘတ်တီးဖွေ၊ ရှည်နေနည်းကောင်း၊ မောင်းနှစ်ဘက်ကြပ်၊ သူကောင်ချုပ်တည့်၊ သိအပ်ယူကြုံး၊ လက်ရုံးလက်ဘွဲ့၊ နွဲ့နွဲ့ လက်တံ၊ လက်ဖျံဖွေယုတ်၊ မျက်ရည်သုတ်တည့်၊ မှန်ဟုတ် ပြက်ပြက်၊ ခွာခွက်ခြေချင်း၊ သင်ဖြုံးခင်း၊ ဝမ်းအောက်၊ သည့် နောက်သိုခတ်၊ မှတ်လော့ကုန်အောင်၊ နောက်ပေါင်သည် အောက်၊ ပံကောက်ခွေးဆွဲ၊ ပေါင်တွင်းထဲ၌၊ ခွေးကိုက်ခွေးဟပ်၊ တင်စပ်အောက်ယံ၊ ချေးရေခံတည့်၊ သွယ်တန်ရှင်းရှင်း၊ မြီးရင်း စွန်သုတ်၊ မြီးဘုတ် စွန်သိုက်၊ လင်းတလိုက်ကား၊ မြီးထူးဖျား မှာ၊ သွယ်မြွာရှုပ်တမ်း၊ မြီးဖြန်းချွတ်ကား၊ တပါးမပြောင်း၊ ငှင်းနှစ်ဘက်၊ ခါးဆုံးထက်ကား၊ ကျိုးနားဖွေထူး၊ ကဦးမြုံဝယ်၊ ကျောလယ်ထီးဆောင်း၊ ကညောင်းနောက်မှာ၊ လယ်ယာနင်း

mgyoe.com

mgyoe.com

တကာ်၊ နင်းသက်သက်ဝဲ၊ ခေါင်းစွဲယဉ်ဆန်း၊ တင်ရန်းမြိတ်တွင်း၊
ဆံပင်ရင်းကို၊ လိပ်စရိုတည့်၊ ထိုမှခေါ်နည်း၊ ဆည်းလည်း
သုံးတန့်၊ ရင်ညွှန့်ဖွေရှင်၊ ရေယဉ်မည်၏၊ ထူးလည်မှတ်လောက်၊
ကဘောက်အောက်ယံ၊ နွံကျုံရင်းသို့၊ ဖွေပေါင်းတို့ကား၊ မချို့
တွက်ရေ၊ သုံးလုံးနေသား၊ မွေးဖွေတို့ပြင်၊ ထူး၍တင်၏၊ ကျမ်း
တွင်ပုံသေ၊ အမွေးဖွေသည်၊ ထွေထွေယုတ်မြွတ်၊ ထူးဆန်း
တည်း။

အထက်လင်္ကာပါ မြင်းဖွေများတွင် ပုလဲတန်ဆောင်နှင့် ချေးရေခံဖွေများကို သေချာစွာ ဖော်ပြထားပေသည်။

ဖွေများနှင့် ပတ်သက်၍ မြန်မာတို့၏ အယူအဆများမှာ မှား သည်ဟုလည်းမဆိုသာ၊ မှန်သည်ဟုလည်း မဆိုသာပါသော်လည်း ယေဘုယျအားဖြင့် လက်ခံထားကြသည့် အယူအဆများ ဖြစ်ပါသည်။

ဖွေဆိုး မည်မျှပါရှိစေကာမူ ကြာဖွေပါလျှင် ဖွေဆိုးများပပျောက်၍ ကောင်းသည်ဟု ဆိုပါသည်။ ဖွေတစ်ရာ ကြာတစ်လုံးဟု စကားလာပါသည်။ ကြာဖွေဟူသည်မှာ ဦးကင်းထိပ်တွင် ကြာဖြူကွက်ပါရှိ၍ ၎င်းကြာခွက်ထဲတွင် ဖွေတစ်လုံးပါရှိသည်ကို ခေါ်ပါသည်။ ကြာအသားအမွေးဖြူသော် နှစ်ထပ်ကြာဟု ခေါ်ပါသည်။

အချို့ကလည်း ထိပ်ဦရှိသောဖွေကို ကြာဖွေဟု မခေါ်ဘဲ လည်ပင်းတစ်ဖက်တစ်ချက် ရင်အုပ်ဆွယ် လည်တိုင်အောက်တွင်ပေါက်သောဖွေကို ကြာဖွေဟု ခေါ်ကြပြန်ပါသည်။

ဤသည်ကိုရည်၍ စာဆိုရှင်မောင်းထောင် ဦးကျော်လုက–

ထိပ်ကွက်ဟာ ကြာမဟုတ်ဘူး၊ ရင်အုပ်ဆွယ် လည်တိုင်
အောက်တွင်မှ၊ ဖွေရောက်လှာ ကြာဖွေညွှန့်တဲ့၊ ဇာနေမွန်၊
ခွာရွှေဖလားနှင့်၊ ငွေနားကြိုးအဖျားချွန် ဖွေတန်ဆောင်တဲ့၊ ရွှေ
စိုင်ကောင် ခွေမြှောင်ကြဲလို့၊ မြဲပုံခွင် တင်ရင်ကျယ်လို့၊ မှင်
သွယ်သွယ်လည်ဆံသေးနှင့်၊ ဟန်ရေးယူငင်လို့၊ မပြေးခင်
ဆင်ရန်ထွက်လိုက်ရင်၊ ကွေးလက်ကခွေ။

ဟူ၍ စပ်ဆိုထားပါသည်။

mgyoe.com

mgyoe.com


လည်ပင်းဖွေကို ချူဖွေဟုလည်း မှုကွဲအခေါ်များ ရှိပါသည်။ ဖွေဆိုးများ ပါရှိသည်ဖြစ်စေကာမူ ဖွေကျော် ၁၀ ပါး ပါဝင်ပါကလည်း အပြစ်များ ပျောက်ကွယ်သွားနိုင်ပါသည်။

၎င်းကိုရည်၍ မင်္ဂလာဘူးတိုင်ချီ စိန္တကျော်သူဆို မြင်းကြန်လက်္ကာတွင် အောက်ပါအတိုင်း မှတ်သားရပါသည်။

ဖွေကျော်ဆယ်ပါး၊ တသွယ်ထားအံ့၊ ထူးခြားသိတင်၊ မျက်လုံးတွင်မူ၊ ကြည့်လျှင် အံ့လောက်၊ သူတစ်ယောက်ကို၊ ဂုဏ်မောက်စေချင်၊ နှစ်ယောက်မြင်၏၊ သည့်ပြင်မှာကား၊ နှာရောင်ကြားတွင်၊ အသားအမွေး၊ ဖွေးဖွေးဖြူစွာ၊ နှစ်ထပ်ကြာနှင့်၊ မင်္ဂလာရွှေပွင့်၊ သုံးဆင့်မှန်ဘောင်၊ ဖွေတန်ဆောင်ကား၊ နှာရောင်အဖျား၊ ပတ္တမြားခုံလောက်၊ နှာဖျားရောက်နေ၊ တန်ဆောင်ဖွေတည့်၊ ကျက်သရေရောင်လွှတ်၊ ဆည်းလည်းဝတ်ဟု၊ ဖွေမြတ်သုံးတန်၊ ရင်ညွှန့်ရည်သည်၊ ရှည်သွယ်ကာနေ၊ သားသားဝေရှင့်၊ ရွက်ရေဖြန့်မိုး၊ ထီးရိုးကျောလယ်၊ ရှုဖွယ်မြင်သာ၊ ဝဲယာနင်းသက်၊ နင်းတက်နှစ်ပါး၊ သည်ဆယ်ပါးတွင် တပါးပါးမျှ၊ ရှိပေကမူ၊ အနန္တဂုဏ်မိုး၊ ကြီးတံခိုးနှင့်၊ ကျိုးတိုင်းမသိ၊ ဖွေဆိုးရှိသည် မထိပြစ်ထွေ၊ ပြောက်လွင့်လေ၏၊ ဖွေကျော်ဆယ်ပါး၊ မြတ်ထင်ရှားကို၊ လူများတကာ၊ ရခဲစွာရှင့်–

(မှတ်ချက်။ ။ သတ်ပုံစာလုံးပေါင်းမှာ ရှေးမူအတိုင်း ဖြစ်ပါသည်။)

စိန္တကျော်သူ၏ အဆိုအမိန့်အရ ဖွေဆိုးများသည် ကြာဖွေပါမှသာ မဟုတ်သေး။ သူရောင်ဖွေ၊ ဖွေတန်ဆောင်၊ ပတ္တမြားခုံလောက်၊ ဆည်းလည်းဝတ်ဖွေ၊ နှုတ်တံဆိပ်၊ ရင်ဝ သုံးတန်ကြားဖွေ၊ နင်းတက်ဖွေ၊ နင်းတက်ဖွေ၊ နားစောင့်ဖွေ၊ သပွတ်ဆဲဖွေ စသည့် ဖွေကျော်ဆယ်ပါးနှင့် နှစ်ထပ်ကြာတို့ပါရှိလျှင် ဖွေဆိုးများ ပျက်ပြယ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

mgyoe.com

mgyoe.com

**အသားဖွေ**

အသားဖွေဆိုသည်မှာ မြင်း၏ကိုယ်ခန္ဓာတည်ဆောက်ပုံအရ နှုတ်ခမ်း၊ မျက်လုံး၊ မျက်ခွံတို့ မညီညာခြင်းနှင့် အမှုအရာများ၏ ချို့ယွင်းချက်များကို ပြဆိုခြင်းဖြစ်ပါသည်။

အသားဖွေ ၂၆ မျိုးမှာ (၁) နှုတ်ခမ်းအထူအပါး မညီခြင်း၊ (၂) နှုတ်ခမ်းရွဲ့ခြင်း၊ (၃) နှုတ်ခမ်းစုန့်ခြင်း၊ (၄) နှုတ်ခမ်းပြတ်ခြင်း၊ (၅) နှုတ်ခမ်းထော်ခြင်း၊ (၆) နှုတ်ခမ်းချွန်းခြင်း၊ (၇) နှုတ်ခမ်းအဝန်းမညီခြင်း၊ (၈) နှာခေါင်းသည် တစ်ဖက်ကျဉ်း တစ်ဖက်ကျယ်ရှိခြင်း၊ (၉) မျက်ခုံး မျက်လုံးတို့ တစ်ဖက်ကြီး တစ်ဖက်ကျဉ်းရှိခြင်း၊ (၁၀) နားရွက်တစ်ဖက်တို ရှည်ခြင်း၊ (၁၁) စီးသောအခါ တုံ့ဆိုင်းခြင်း၊ ငုံ့ခြင်း၊ (၁၂) လက်ဝဲလက်ယာ လည်ကို စောင်းပြေးခြင်း၊ (၁၃) ပတတ်ရပ်ခြင်း၊ (၁၄) စီးသူကို ပြန်ကိုက်ခြင်း၊ (၁၅) ခေါင်းမြှောက်ခြင်း၊ (၁၆) ကန်ကျောက်ခြင်း၊ (၁၇) ခွာပေါက်ခြင်း၊ (၁၈) ဆောင့်ကြောင့်ထိုင်ခြင်း၊ (၁၉) ကျွမ်းထိုးခြင်း၊ (၂၀) လန့်ဖျပ်ခြင်း၊ (၂၁) အိပ်သောအခါ အသက်ရှူသံပြင်းခြင်း၊ (၂၂) အိပ်သောအခါ ညည်းခြင်း၊ (၂၃) သွားကြိတ်ခြင်း၊ (၂၄) ကြိုးကို ဝါးခြင်း၊ စားခြင်း၊ (၂၅) အသားတွန့်ခြင်း၊ (၂၆) အသားစိုင်များ စုန့်ထွက်နေခြင်းတို့ဖြစ်သည်။

အသားဖွေစုစုပေါင်း ၂၆ မျိုးအနက် တစ်မျိုးမျိုး ပါရှိပါက မြင်းယုတ်လက္ခဏာတွင် ပါရှိသည်ဟု အဿဇာနေ အစချီ မြင်းကြန်လက်္ခာတွင် ဖော်ပြထားပါသည်။

**အရိုးဖွေ**

အရိုးဖွေဆိုသည်မှာ မြင်း၏အရိုးနှင့်ပတ်သက်သည့် သွား၊ အစွယ်၊ ခွာနှင့် ခန္ဓာကိုယ် တည်ဆောက်ခြင်းဆိုင်ရာများ မညီမညွတ်ဖြစ်နေခြင်းကို ပြဆိုပါသည်။

အရိုးဖွေများမှာ–

(၁) အရွယ်ရောက်ချိန်မတန်ဘဲ သွားကျိုးခြင်း၊ (၂) သွားဆတ်ခြင်း၊ (၃) သွားကြွေခြင်း၊ (၄) သွားပူးခြင်း၊ (၅) သွားထပ်ခြင်း၊ (၆) သွားကျပ်ခြင်း၊

mgyoe.com

mgyoe.com


(သွားညှင်းဟုလည်း ခေါ်ပါသည်)၊ (၇) အစွယ်ရောက်သော်လည်း အစွယ် မပေါက်ခြင်း၊ (၈) အစွယ်ပေါက်သော်လည်း အစွယ်သည် သာမန်ထက် စွယ်လုံးတိုခြင်း၊ (၉) အစွယ်ပေါက်သော်လည်း အစွယ်သည် သာမန်ထက် စွယ်လုံးရှည်ခြင်း၊ (၁၀) အစွယ်ပေါက်သော်လည်း စွယ်လုံးကြီးခြင်း၊ (၁၁) အစွယ်ပေါက်သော်လည်း စွယ်လုံးသေးခြင်း၊ (၁၂) အစွယ် တစ်ဖက် ပေါက်လျက် တစ်ဖက်မပေါက်ခြင်း၊ (၁၃) နှာရောင်ကောက်ခြင်း၊ (၁၄) နှာရောင်ကုန်းခြင်း၊ (၁၅) နှာရောင်တိုခြင်း၊ (၁၆) နဖူးကျဉ်းခြင်း၊ (၁၇) နဖူးကျယ် ခြင်း၊ (၁၈) နဖူးမြင့်ခြင်း၊ (၁၉) နဖူးနိမ့်ခြင်း၊ (၂၀) ကျောကုန်းနှင့် လည်တိုင် စောင်းခြင်း၊ (၂၁) တင်ကောက်ခြင်း၊ (၂၂) အမြီးစောင်းခြင်း၊ (၂၃) ခွာ ကွဲအက်ခြင်း၊ (၂၄) ခွာကြီးလွန်းခြင်း၊ (၂၅) ခွာသေးလွန်းခြင်း၊ (၂၆) ခြေ လက်တိုခြင်း၊ (၂၇) ခြေလက်ရှည်ခြင်း၊ (၂၈) ခြေလက်ကြီးခြင်း၊ (၂၉) ခြေ လက်ငယ်ခြင်း၊ (၃၀) ခြေလက်မြင့်ခြင်း၊ (၃၁) ခြေလက်နိမ့်ခြင်း၊ (၃၂) အဆစ်အမြစ်ကြီးခြင်း၊ (၃၃) အဆစ်အမြစ် ငယ်ခြင်း၊ (၃၄) အရိုးကန်နက် သဲရှိခြင်း၊ (၃၅) အရေကန်နက်သဲရှိခြင်း၊ (၃၆) ခြေချင်းခတ်ရှိခြင်းတို့ ဖြစ်သည်။

အထက်ပါ အရိုးဗွေများသည် မြင်းဆိုးဗွေလက္ခဏာများဟု ပြဆိုကြ ပါသည်။

**အမွေးကြီးငါးပါး**

မြင်းတို့တွင် သိရရန်ခက်ခဲလှသည့် အမွေးကြီးငါးပါး ရှိပါသည်။ အမွေးကြီးငါးပါးသည် ပြင်ပဒ္ဒမတည် အတွင်းသဏ္ဌာန်၌သာ တည်ရှိသဖြင့် သိနိုင်ရန် အလွန်ခက်ခဲပါသည်။ ပထမအမွေးကြီး၊ ဒုတိယအမွေးကြီး၊ တတိယအမွေးကြီး၊ စတုတ္ထအမွေးကြီး၊ ပဉ္စမအမွေးကြီး ဟူ၍ ခွဲခြားထားပါ သည်။

**ပထမအမွေးကြီး ။ ။** ပထမအမွေးကြီးသည် နှလုံးနှင့် အဆုတ်ကြား တွင် တည်ရှိပါသည်။ စီးသောအခါတွင် ပထမအမွေးကြီး ရှိမရှိ သိရပါသည်။ သိရပုံမှာ မြင်းစီးသောအခါ ဖီလာတစောင်း သွားခြင်း၊ ကုန်းခါခြင်း၊ ငုံ့လျှိုး

mgyoe.com

mgyoe.com

၍ သွားခြင်း စသည်တို့ ပြုမူသဖြင့် သိရပါသည်။

ဒုတိယအမွေးကြီး ။ ။ ဒုတိယအမွေးကြီးသည်အဆုတ်နှင့်အသည်း ကြားတွင် တည်ရှိပါသည်။ အစာကျွေးသောအခါ ဒုတိယအမွေးကြီး ရှိ မရှိ သိနိုင်ပါသည်။ သိရပုံမှာ မိမိအစာခွက်ကို ပေါက်ကန်ယက်သည်ကို လည်းကောင်း၊ ပျို့အန်ထွေးတတ်သည်ကိုလည်းကောင်း မြင်တွေ့ရခြင်းအား ဖြင့် သိရပါသည်။

တတိယအမွေးကြီး။ ။ တတိယအမွေးကြီးသည် အသည်းနှင့် အဆုတ်ကြားတည်ရှိကြောင်း သိရပါသည်။ အိပ်သောအခါ တတိယ အမွေးကြီး ရှိ မရှိ သိရပါသည်။ သိရပုံမှာ မြင်းအိပ်သည့်အခါ လူးလဲခြင်း၊ ဟောက်ခြင်း၊ သွားကြိတ်ခြင်း၊ စန့်စန့်ရပ်ရပ်အိပ်ခြင်း၊ အချိန်မတော် ဆောင့် ကြောင့်ထိုင် ခြင်းတို့ကို မြင်နိုင်၍ တတိယအမွေးကြီး ရှိ မရှိ သိရပါသည်။

စတုတ္ထအမွေးကြီး ။ ။ စတုတ္ထ အမွေးကြီးသည် အသည်းနှင့် အဆုတ်ကြားတွင်ပင် ရှိပါသည်။ မြင်းကို လွှတ်လိုက်ပြီး ပြန်လာသည့်အခါ၌ အိပ်ရာနေရာ၊ ချည်တိုင်မှန်း မသိခြင်းကို မြင်တွေ့ထောက်ရှုခြင်းအားဖြင့် စတုတ္ထအမွေးကြီး ရှိ မရှိ သိရပါသည်။

ပဥ္စမအမွေးကြီး ။ ။ ပဥ္စမအမွေးကြီးသည် နှလုံးနှင့် အဆုတ်ကြား တွင် ရှိပါသည်။ မြင်းအား ဇက်ခွံ့သောအခါ သိရပါသည်။ သိရပုံကား ဇက်ကြိုးကို တဖျက်ဖျက် ဝါးတတ်သည်ကိုမြင်၍ ပဥ္စမအမွေးကြီး ရှိ မရှိ သိနိုင်ပါသည်။

သို့ဖြစ်၍ အမွေးကြီး ငါးပါးကို အချိန်ယူလေ့လာမှသာ တွေ့နိုင်ပါ သည်။ ဤသည်ကိုရည်၍ အဿဇာနေ၊ မြင်းယဉ်ဖွေကို . . . အစချီ၊ မြင်း ကြန် လင်္ကာတွင်–

> အိပ်နေဟောက်ညည်း၊ စားလည်း တစ်သွယ်၊ ကုန်းဝယ်
> တစ်တွေ၊ ရေဝယ်တစ်တန်၊ ဝေးရန်စစ်မြေ၊ ဆောင်လေမှသာ၊
> သိနိုင်ရာ၏။

ဟူ၍ ပြဆိုထားသည်ကို မှတ်သားရပါသည်။

အမွေးကြီးငါးပါးအပြင် မြင်းသည် မျက်စိကြောင်တောင်ကန်းခြင်း၊ မျက်ရောင်မထင်ခြင်း၊ နားပင်းခြင်း၊ ဆွံ့အခြင်းတို့သည်လည်း ရုတ်တရက်

mgyoe.com

mgyoe.com

သိနိုင်ခဲ့သော အချက်များ ဖြစ်ပါသည်။

အမွေးကြီးငါးပါးနှင့် စပ်လျဉ်း၍ ရွှေတိုးဂါမံအစချီ ကူတိုးကူထော်ရွာ ရသေ့ကြီး၏ မြင်းကြန်ရကန်တွင် အောက်ပါအတိုင်း ဖွဲ့ဆိုထားသည်ကို မှတ်သားရပါသည်။

အမွေးကြီးငါးပါးကို အတွင်း၌တည်၊ သိမ်မွေ့သည်ကြောင့်၊ သိမည်ခဲ့အင်ညီရှင့်၊ ယင်းထိုအမွေးကား၊ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမပြား၏။ နှလုံးကြား အဆုတ်ကြားမှာ၊ တည်ငြားပထမ၊ မွေးပျက်စွကို၊ စီးမှ သိလေရာလိမ့်။ အဆုတ်ကြား၊ အသည်းကြား၊ ဒုတိယမည်ပေး၊ ထိုအမွေးကို၊ အစာကြွေးလျှင်၊ သိလေငြားလိမ့်။ အသည်းကြား၊ အဆုတ်ကြားဝယ်၊ တည်ငြား တတိယာ၊ မွေးလောမာကို၊ အိပ်ခါသိလေဘွယ်တည့်။ သည်းလယ် ဆုတ်ကြားတွင်ပေါ်၊ စတုတ္ထခေါ်၊ မွေးထော်လော်ကို လွှတ်သော် သိလေချင်လိမ့်။ ငါးကြိမ်လျှင် မြောက်သဖြင့်၊ ပဉ္စမသမုတ်၊ မွေးယုတ်တည်မည်ခွင့်ကား၊ နှလုံးနှင့် အဆုတ်၏၊ အန္တရုံအကြားတွင်၊ ဆက်ခွန့်လျှင် သိဘွယ်တည့်လေ။ စီးလျှင်သိဟန်မှာ၊ မြင်းစီးကျင်လည်၊ သူတို့သည်လျှင် သာကြည်စီးလေပါက၊ ဖီလာတစောင်းသွား၊ နောက်ပစ်ထိုးကာ၊ ကုန်းကိုခါသည်၊ ငုံ့ကာ တုံ့ကာသွားနှင့်၊ မွေညက်သွား ညင်မသာ၊ တိမ်းသည်ပြတ်သည်၊ ရပ်သည်ဖြစ်လေရာ၏။ ကျွေးသောအခါ သိဟန်ကား၊ မိမိစားခွက်၊ ပေါက်ကန်ယက်၍၊ အန်လျက်ထွေးသည်များနှင့်၊ အိပ်တုံငြားက ထင်ရှားသိကြောင်းလည်း၊ လူးသည်ဟောက်သည်၊ သွားကြိတ်သည်နှင့်၊ ရှူသည် တညည်းညည်းတည့်။ စပ်စပ်လည်း ဝါးတုံဘိ။ လွှတ်လပ်သောအခါ သိဘွယ်မှာကား၊ အိပ်ရာနေထိုင်၊ ချည်တိုင်မှန်း မသိတည့်၊ ယင်းသို့ရှိက ပြစ်တိဆိုရာ၏။ အမွေးကြီးငါးပါး ခေါ်၊ လျော်စွာ သိသည်တည့်လေး။

အဆိုပါ အမွေးကြီးငါးပါးသည် ဗေဒဆိုးစာရင်းဝင်များပင် ဖြစ်ပါသည်။ ရှောင်ကြဉ်ရန်အချက်များ ဖြစ်ပါသည်။

mgyoe.com

mgyoe.com

## စီးမှမြင်ရသည့်ဗေွ

မြင်းကို စီးမှသာ မြင်နိုင်သည့်ဗေွ ၁၁ မျိုး ရှိပါသည်။ (၁) စီးရန်ဟန်ပြင်သည်နှင့် စီးမည်ဟူက တန့်တတ်သည်။ (၂) စီးမှ ဆုတ်သည်။ (၃) စီးရန်ကသည်နှင့် ဦးခေါင်းဆတ်ဆတ် ခါသည်။ (၄) ပတတ်ရပ်သည်။ (၅) စီးရန် ပြင်သည်နှင့် ကိုယ်ကို လှဲသည်။ (၆) စီးသူကို ကန်သည်။ (၇) ခွာခတ်သည်။ (၈) နောက်သို့ပစ်သည် (ထိုင်သည်)။ (၉) နောက်သို့ပစ်သည် (ကန်သည်)။ (၁၀) စီးသူကို ခါချတတ်သည်။ (၁၁) စီးသည်အခါ ဖြောင့် ဖြောင့်မသွား၊ ဖီလာသွားသည်။

## ပြေးမှ မြင်သိရသည့်ဗေွ

မြင်းစီး၍ ပြေးသွားသည့်အခါ တွေ့မြင်ရသည့်ဗေွ (၁၀) မျိုး ရှိပါသည်။ (၁) စီးသူ၏ ဒူးဆစ်ကို ပြန်ကိုက်တတ်သည်။ (၂) ရင်ဘတ်ကို လက်နှင့်တီးသည်။ (၃) အမြီးသည် စအိုထဲသို့ ဝင်လျှိုး၍ ပြေးသည်။ (၄) ဇက်သွားကို ကိုက်သည်။ (၅) လျှာကိုထုတ်၍ ပြေးသည် (လျှာတံခွန်)။ (၆) သွားကိုဖြဲ၍ပြေးသည်။ (၇) နောက်ကို လှည့်ကြည့်၍ ပြေးသည်။ (၈) မတ်စောက်ရပ်သည်။ (၉) နောက်လှန်၍ ဆုတ်နစ်အောင် လုပ်သည်။ (၁၀) နောက်ပစ်ထိုးသည် (ကျွမ်းထိုးသည်)။

## ချည်မှ သိရသည့်ဗေွ

မြင်းကို ချည်တိုင်တွင် ချည်နှောင်သည့်အခါတွင်မှ ပြုကျင့်သော အပြုအမူများကို လေ့လာပြီး မကောင်းသော ဗေွဆိုးများကို မှတ်သားထားခြင်း ဖြစ်ပါသည်။ ချည်မှသိရသည့်ဗေွ ခုနစ်မျိုး ရှိပါသည်။

(၁) စားခွက်ကို ကိုက်တတ်သည်။ (၂) ကြိုးကို ကိုက်ဝါးသည်။ (၃) စားဖတ်ကို အန်သည်။ (၄) အဆက်မပြတ် ကန်နေတတ်သည်။ (၅) စားခွက်ကို လက်နှင့်လှမ်း၍ ပေါက်သည်။ (၆) စားခွက်အပေါ် ချေးယိုလေ့ရှိသည်။ (၇) အစာခွက်ကို တဆတ်ဆတ် နှိုက်တတ်သည်။

mgyoe.com

mgyoe.com


**ရေသို့ချမှ သိရသည့်ဖွေ**

မြင်းကို ကုန်းပေါ်တွင် ဆောင်ယူသည်နှင့် မပြီးသေး။ မြစ်ချောင်း အင်းအိုင် ရေကန်တို့ကို ဖြတ်ကူးရာ၌သော်လည်းကောင်း၊ ရေသို့ချကြည့်၍ သော်လည်းကောင်း၊ မြင်း၏အပြုအမူ အကျင့်စာဂကိုသိရသည့် ဖွေများရှိ သေးသည်။ အဆိုပါ ရေသို့ချကြည့်မှသိရသည့်ဖွေ ခြောက်မျိုး ရှိပါသည်။ ၎င်းတို့မှာ (၁) ရေထဲသို့ လက်ချပြီး ရေသောက်လေ့ရှိခြင်း၊ (၂) ရေတွင်လူး ခြင်း၊ (၃) ရေထဲတွင် ဝပ်လိုက် ထလိုက်နေခြင်း၊ (၄) ရေကိုကိုက်ခြင်း၊ (၅)ရေထဲတွင် ရပ်၍နေခြင်း၊ (၆) ရေကို လက်ဖြင့်ပေါက်ခြင်းနှင့် ရေထဲတွင် ပေါက်ခုန်၍နေခြင်း စသည်တို့ဖြစ်ပါသည်။ ရေထဲသို့ချမှ သိရသည့်ဖွေကို အဆုတ်ဖွေဟုလည်း ခေါ်ပါသည်။

**အိပ်မှ သိရသည့်ဖွေ**

မြင်း၏အအိပ်အနေကို ကြည့်၍ မှတ်သားနိုင်သည့်ဖွေ ခုနစ်မျိုးရှိ ပါသည်။

(၁) အိပ်သည့်အခါ ခြေလေးဘက်စင်း၍ စန့်၍ မလှုပ်မယှက်အိပ် သည်။ (၂) မျက်နှာကို လက်ကြားတို့၌ ဝှက်၍ အိပ်သည်။ (၃) အမြီးကို ပေါင်အတွင်းသွင်း၍ အိပ်သည်။ (၄) လက်ကို ကွေးကုပ်၍ ထုပ်ထားဘိသကဲ့ သို့ အိပ်သည်။ (၅) နှုတ်သီးကို မြေကြီး၌စိုက်၍ အိပ်သည်။ (၆) အိပ်ရင်းမှ ကျင်ကြီးသွားတတ်သည်။ (၇) အိပ်ရင်းမှ ခြသေ့ထိုင်ထ၍ ထိုင်သည်။ ထိုင်ရင်း မျက်နှာကို လက်ဖြင့် ပွတ်လေ့ရှိသည်။

**အိပ်မှ ကြားရသည့်ဖွေ**

မြင်းတစ်ကောင် အိပ်မှကြားရသည့်ဖွေ လက္ခဏာသုံးမျိုး ရှိပါသည်။

(၁) အိပ်နေရင်း ဟောက်သည်။ (၂) အိပ်နေရင်း ညည်းသည်။ (၃) အိပ်နေရင်း သွားကြိတ်သည်။

ယင်းဖွေအမျိုးအစားသုံးမျိုးမှာ အသားဖွေတွင် ပါရှိပါသည်။

mgyoe.com

mgyoe.com

**သူကောင်တင်သုံးမျိုး**

သူကောင်တင်သုံးမျိုးမှာ အောက်ပါတို့နှင့် ညီညွတ်မှသာခေါ်ဝေါ်ပါသည်။

(၁) မှင်ဆံအဆုံးမှ အောက်က ညောင်းတိုင်အောင်လျှောက်၍ ဖြူသည်။ (၂) ကတွင် ကုန်းနှီးတင်သကဲ့သို့ ပြူသည်။ (၃) ကျောကုန်းတစ်လျှောက်တွင် မြွေကဲ့သို့ အရစ်ရစ်ဖြစ်၍ ဝန်တင်အုန်းခက်သကဲ့သို့ ဖြူသည်။

ယင်း ဖွေသူကောင်တင်သုံးမျိုးပါလျှင် မကောင်းပေ။

**လင်းတသိုက်သုံးမျိုး**

သုံးမျိုးစုံမှ လင်းတသိုက်ဟုခေါ်ပါသည်။ ၎င်းတို့မှာ– (၁) ဖွေသင်ဖြူးခင်းပါရှိခြင်း၊ (၂) သူကောင်တင်သုံးမျိုးပါရှိခြင်း၊ (၃) အမြီးစွန်သိုက်ပါရှိခြင်းတို့ဖြစ်သည်။

၎င်းတို့စုံညီသည့် လင်းတသိုက်သုံးမျိုးသည် ဖွေဆိုးများဖြစ်ပါသည်။ စွန်သိုက်ဆိုသည်မှာကား အမြီးပြားခြင်း၊ အမြီးခွက်ခြင်းကို ခေါ်ပါသည်။

**လင်မငိုက်သုံးမျိုး**

အောက်ပါသုံးချက်နှင့် ညီရပါမည်။ သို့မှသာ လင်မငိုက်သုံးမျိုးဟု သတ်မှတ်ပါသည်။

(၁) အမြီးစွန်သိုက်၊ (၂) ချေးရေခံ၊ (၃) သန္တာပြန်ကြီးဟူ၍ ဖြစ်သည်။ မကောင်းသောဖွေဆိုးများဖြစ်ပါသည်။

**သန္တာပြန်ငါးမျိုး**

သန္တာပြန်ငါးမျိုးဆိုသော်လည်း တစ်ခုခုနှင့်ငြိစွန်းပါက ဖွေဆိုးပင်ဖြစ်ပါသည်။

(၁) အမြီးဖျားကို ဟပ်မျိုလေ့ရှိခြင်း၊ (၂) စအိုဦ အမြီးဝင်နေလေ့ရှိခြင်း၊ (၃) မစင်စွန့်ချေးယိုလျှင် မြီးဝင်ချွင်းချန်၍ ထားတတ်ခြင်း၊ ထွက်ပြီးသား

mgyoe.com

m·gyoe.com

ပြန်ဝင်၍ သွားတတ်ခြင်း၊ (၄) မိမိချေးကို မိမိပြန်စားလေ့ရှိခြင်း၊ (၅) မိမိ ကျင်ငယ်ရေကို ပြန်သောက်လေ့ရှိခြင်းတို့ ဖြစ်သည်။

**အရိုးကန်နက်သဲ**

အရိုးကန်နက်သဲဆိုသည်မှာ ရှေ့ခွာနှစ်လုံးဖြူ၍ နောက်ခွာတစ်လုံး သာ ဖြူခြင်း၊ နောက်ခွာနှစ်လုံးဖြူ၍ ရှေ့ခွာတစ်လုံးသာဖြူခြင်း၊ ခွာသုံးလုံး နက်၍ တစ်လုံးဖြူခြင်းတို့ကို ခေါ်ပါသည်။

**အရေကန်နက်သဲ**

အရေကန်နက်သဲဆိုသည်မှာ ခြေလက်သုံးချောင်းဖြူ၍ တစ်ချောင်း နက်ခြင်းကို ဆိုလိုပါသည်။

အရိုးကန်နက်သဲနှင့် အရေကန်နက်သဲတို့သည် အရိုးဇွဲစုထဲတွင် ပါဝင်ပါသည်။

**ခြေချင်းခတ်**

ရှေ့လက်နှစ်ချောင်းဖြူ၍ နောက်ခြေနှစ်ချောင်းနက်လျှင်ဖြစ်စေ၊ ရှေ့လက်နှစ်ချောင်း နက်၍ နောက်ခြေနှစ်ချောင်းဖြူလျှင်ဖြစ်စေ ခြေချင်းခတ် ဟု ခေါ်ပါသည်။ ခြေချင်းခတ်သည် မြင်းဆိုးလက္ခဏာ ဖြစ်ပါသည်။

**ငှက်မသန်း**

ငှက်မသန်းနှင့်ပတ်သက်၍ ရှေးတိုးဂါမံအစချီ မြင်းကြန်ရကန်တွင် အောက်ပါအတိုင်း ဖော်ပြပါသည်။

နေဝင်မိုးချုပ်စကာ၊ အချိန်သန်းခေါင်၊ တိုင်လျှင်းအောင်လျှင်၊
မြဲနှောင်ဝင်လတ်ကမူ၊ သကုဏာငှက်များအပေါင်းတို့၊ အသိုက်
သိမ်းလစ်၊ ဝင်ချိန် ဖြစ်၍၊ စစ်စစ်ယွင်းမချို့လျှင် ကောင်းသည်၊

mgyoe.com

mgyoe.com

မြို့ဆိုရ၏။ အချိန်နှင့်ဝင်သည်မှာ၊ မှန်စွာကောင်းသည့် တည့်လေး။

မြင်းသည် မိမိစအိုသို့ မိမိအမြီးဝင်ခြင်းကို သန္တာပြန်ဟုဆိုသော်လည်း နေဝင်ချိန်မှ သန်းခေါင်ချိန်အတွင်း စအိုသို့ဝင်သောအမြီးကို သန္တာပြန်ဟု မဆို၊ ငှက်မသန်းဟုဆိုသည်။ ငှက်မသန်းဖြစ်ပါက အပြစ်မရှိ။ ကောင်းမြတ်သော ကြန်အင်လက္ခဏာတွင် အပါအဝင်ဖြစ်ပါသည်။

**ပန္နက်ကြီး၊ ပန္နက်ကလေး**

ပန္နက်ကြီးဆိုသည်မှာ ခွာအောက်ဘီလားထဲတွင် အမွေးပေါက်သည်ကို ခေါ်ပါသည်။ ပန္နက်ကလေးဆိုသည်မှာ ခွာကွဲသည်ကို ခေါ်ပါသည်။ အရိုးဖွေထဲတွင် ပါဝင်ပါသည်။

**သသုံးလုံး**

သသုံးလုံးရှောင် အိုအောင်မဆင်းရဲဟူသော စကားပုံနှင့်အညီ မြင်းသမားတို့ မြင်းဝယ်ယူသည့်အခါ ရှောင်ကြခြင်းဖြစ်ပါသည်။ သသုံးလုံးမှာ သခွေ၊ သဟက်၊ သလုံးဟူသည့် အမွေးပေါက်ရောက်ခြင်းကို အစွဲပြုပါသည်။

သခွေ (သင်းခွေဟုခေါ်ပါသည်) သို့မဟုတ် သင်းခွေမွေးမှာ ပြာနှမ်းနှမ်းအရောင်ဖြစ်သည်။ လည်ဆံအဖြူမွေး ဖြစ်သည်။

သလုံးဆိုသည်မှာ အမွေးအဖြူတွင် အနီမွေးများထွန်း၍ ပါရှိတတ်သည့်မြင်းကို ဆိုလိုပါသည်။

သဟက်ဟုသတ်မှတ်သည့် မြင်းနားထဲတွင် မီးခိုးရောင်အမွေးပါသည်။ မြင်းဝလျှင် ချိပ်ဟုသတ်မှတ်၍ မြင်းပိန်လျှင် အသက်မွေးဟု ခေါ်ပါသည်။

mgyoe.com

mgyoe.com

**ရွှေဖလားခံ၊ ငွေဖလားခံ**

မြင်း ကျင်ငယ်စွန့်သည့်အခါ ရှေ့လက်မြှောက်၍ ခွာနှင့် ကျင်ငယ်ရေကို ခံပါသည်။ ညာလက်နှင့်ခံလျှင် ရွှေဖလားခံ၊ ဘယ်လက်နှင့်ခံလျှင် ငွေဖလားခံဟု အဆိုရှိပါသည်။ အချို့ဒေသများတွင် ရွှေခွက်ခံ၊ ငွေခွက်ခံဟု ခေါ်ကြပါသည်။

❑

mgyoe.com

mgyoe.com

အခန်း (၄)

# မြန်မာ့မြင်း

**မြင်းနှင့်ပတ်သက်သည့် စကားပုံများ**

မြန်မာ့ရှေးဟောင်း လူကြီးသူမများသည် စကားပုံသုံးစွဲ၍ စကားခိုင်းနှိုင်းဆုံးမကြသည်။ စကားအရာ တန်ဆာဆင်ကြသည်။ တိုင်းရင်းသားများ ဖြစ်သည့် ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ ရခိုင်၊ မွန်တို့သည်လည်း မြင်းနှင့်ပတ်သက်သော စကားရပ်များကို ပုံပမာပြု ခိုင်းနှိုင်းခဲ့ကြပါသည်။

ယနေ့ မြန်မာ့စာပေနယ်တွင် အသုံးများနေသည့် မြင်းစကားပုံများကို ဖော်ပြလိုက်ပါသည်။

(၁) ငါ့မြင်း ငါစိုင်း စစ်ကိုင်း ရောက်ရောက်၊ (၂) ငါ့သမီးတော်လှ ယောက်မမြင်းစီးထွက်သည်၊ (၃) ဆင်းစီး၍ မြင်းရုံသည်ကို မြင်ချင်သည်၊ (၄) ဆင်နင်း၍ မြင်းကန်သည်၊ (၅) ဇက်မကိုင်သောမြင်း ကန်သင်းမရှိသော လယ်၊ (၆) မြင်းကောင်း ခွာလိပ်၊ (၇) မြင်းကမလှုပ် ခုံကလှုပ်၊ (၈) ယောက္ခမ သေမှန်းသိရင် မြင်းဝယ်စီးသည်၊ (၉) မြင်းအုန်းခွံ၊ ကျွန်ကုလား၊ မယားတောသူ၊ (၁၀) မြင်းအုန်းခွံ ကျွန်းကုလား စားမိုးကြိုးသွား၊ (၁၁) မြင်း ကိုစီး၍ အထီးမှန်း အမမှန်းမသိ၊ (၁၂) မြင်းပါးချပ်ခွေးတပ်၊ (၁၃) လှေအဆင်း မြင်းအတက်၊ (၁၄) ခွာမကောင်းလျှင် မြင်းမရှိ၊ (၁၅) ဆင် တစ်စ မြင်းတစ်စ၊ (၁၆) ကျောက်နှင့်မြင်း စိုးစဉ်းသိက ထမင်းဝ၏၊ (၁၇)သသုံးလုံးရှောင်

mgyoe.com

mgyoe.com

အိုအောင်မဆင်းရဲ၊ (၁၈) ခွေးအလုပ် မြင်းလုပ်၊ (၁၉) စားကောင်းကိုင်လျှင် သွေး၊ မြင်းကောင်းကိုင်လျှင် ကျွေး၊ (၂၀) မြင်းပိန်တော့ ကျိုး၊ ခွေးပိန်တော့ခိုး၊ (၂၁) ထန်းလည်ဆစ်ကျိုး၊ လေ့ပိုးထိုး၊ မယားဆိုး၊ မြင်းကပ် မပေါင်းအပ်၊ (၂၂) သခင်လိုလျှင် မြင်းမွေး၊ ကျွန်လိုလျှင် ကုလားမွေး၊ (၂၃) မြင်း ဦးချိုတပ်ပေးသလို၊ (၂၄) မြင်းမရှိတဲ့အခါ ဆိတ်ကို စီးတတ်ရမည် (လီဆူးစကားပုံ)၊ (၂၅) မိန်းမတို့သည် လေ့နှင့် မြင်းလို ပဲ့ကိုင်ရာနောက် ပါသည်။ (၂၆) မြင်းမစီးရခင် ဖင်ပေါက် သည် (ရခိုင်)၊ (၂၇) မြင်းများကို ကျွဲခတ်သလို (ရှမ်း)၊ (၂၈) မဝယ်ရသေးသောမြင်း ရန်ပွဲလိုပဲ (ပလောင်)၊ (၂၉) နွားကန် မကန်၊ မြင်းကန် ကန်သည်၊ (၃၀) မြင်း ဗိုက်နာသလို (ပလောင်)၊ (၃၁) မြင်းတန်ဆာ တန်းလန်းကြီးလိုပဲ (ပလောင်)၊ (၃၂) မြင်းခြေများသလို (ကချင်)၊ (၃၃) မြင်းနှင့် သေနတ် ဘယ်အချိန် ပိုင်ရမှန်း မသိနိုင် (ကချင်)၊ (၃၄) သင်းခွေဝက်ပန်း၊ ငယ်ဖြူခန်း၊ မေးဝန်း အာနက်စေ (ကဝိလက္ခဏာသတ်ပုံ)၊ (၃၅) ဖွေဆီမီးထွန်း၊ နားတွင်ဝန်း၊ မျက်မှန်းမြင်တတ်စေ (ကဝိလက္ခဏာသတ်ပုံ)၊ (၃၆) ရှစ်အင်စုံမြတ်၊ ဖြူ ဆွတ်ဆွတ်၊ ဖောင်းဝတ်မြင်းယဉ်မြင်း။

### မြင်းစီး၍ အထီးမှန်း အမမှန်းမသိ

မြင်းစီးသောသူက မိမိစီးသောမြင်းကို မျိုးပွားအင်္ဂါကိုကြည့်၍ မြင်းထီးမြင်းမ မခွဲခြားနိုင်ကောင်းသည်ကို ပြဆိုခြင်းမဟုတ်ပါ။

မြင်းသာစီး၍၊ ထီး မ မသိ၊ ဆိုရန်ရှိသည်၊ သတိရထွေ၊
မှတ်ကြလေလော့၊ ရိုးဖွေ သားဖွေ၊ အသည်းဖွေနှင့်၊ သည်းခြေ
အူမ၊ အဆုတ်စသည်၊ မူလသတ္တိ၊ ဖွေနဂ္ဂိကို၊ သိသာရုံမျှ၊
လက်ပြအံ့၊ မြင်းမ စွယ်ပေါက်၊ မရောက်သင့်ဘူး၊ ပေါက်လျှင်
ထူးသည်၊ ဘီလူးမြင်းမ၊ သမုတ်ရ၏၊ ထိုမှတသီး၊ မြင်းထီးဖြစ်
မြောက်၊ စွယ်မရောက်က၊ မြင်းပေါက်ကောင်းလှ၊ ညွှံ့ရာကျ၏၊
မြင်းမအတိုင်း၊ အခေါ်ရိုင်းသည်၊ မြင်းတိုင်းပုံသေ၊ သမုတ်ပေ
လော့။

mgyoe.com

ဟူ၍ လက်ာဖြင့် လောကဟိတရာသီကျမ်းတွင် ဖော်ပြထားပါသည်။

ဆိုလိုသည်မှာ မြင်းထီးဖြစ်သော်လည်း အချိန်တန်ပါက အစွယ်ပေါက်ရမည်။ အစွယ်မပေါက်ပါက မြင်းမဟု ဆိုရိုးရှိပါသည်။ မြင်းမဖြစ်သော်လည်း အစွယ်ပေါက်နေပါက မြင်းထီးဟု ပြောစမှတ်ပြုကြပါသည်။

သို့ဖြစ်ရာ မြင်းသည် မိမိအရွယ်ပိုင်းဆိုင်ရာ၌ ရှိသင့်သည့် ထီး၊ မ တို့၌ ပါသင့်သည့် အင်္ဂါများ လွန်ကဲနေလျှင်ဖြစ်စေ၊ ချို့ယွင်းနေလျှင်ဖြစ်စေ သတိမမူ အမှတ်မယူဘဲ သုံးစွဲကိုင်တွယ်မိပါက မြင်းသာစီး၍ ထီး၊ မ မှန်းမသိဟု ဆိုရိုးစကားရှိခြင်း ဖြစ်ပါသည်။

## မြန်မာ့မြင်း အရွယ်အစား

မြန်မာ့မြင်းအရွယ်သည် နှစ်မျိုးနှစ်စား ကွဲပြားပါသည်။ ပုံမှန်ထွားကျိုင်းသည့် မြင်းမျိုးနှင့် မျိုးရိုးအလိုက်ကွဲပြားသည့် မြင်းပုမျိုးတို့ ဖြစ်ပါသည်။

ပုံမှန်အနေအထားမှာ ဒေါက် ၁၄ လက်ဝါး ဝန်းကျင်တွင် ရှိပါသည်။ တစ်လက်ဝါးလျှင် လေးလက်မ ဖြစ်ပါသည်။ အလျားမှာ မြင်းတင်ပါးစွန်းမှ ရှေ့လက်ပြင်ညွှန့်အထိ လက်မ ၅၀ ဝန်းကျင်တွင်ရှိ၍ ရင်အုံလုံးပတ်မှာ ၅၅ လက်မဝန်းကျင်တွင်သာ ရှိပါသည်။

မြင်းပုမျိုးကို ရှမ်းမြင်း၊ ကျောက်မြင်းပုဟုခေါ်ပြီး ဒေါက် ၁၀ လက်ဝါးဝန်းကျင်နှင့် အလျား ၄၀ လက်မဝန်းကျင်တွင်သာ ရှိပါသည်။

## မြင်းတစ်ကောင်၏ အလေးချိန် တွက်ချက်ခြင်း

မြင်း၏အလေးချိန်ကို ပေါင် သို့မဟုတ် ပိဿာဖြင့် တွက်ချက်ကြည့်နိုင်ပါသည်။ လုံးပတ်နှင့် အလျားအတိုင်းအတာများ ရရှိလျှင် တွက်နိုင်ပါသည်။ ယေဘုယျအားဖြင့် အလျား လက်မနှင့် လုံးပတ်လက်မတို့ကိုပေါင်းစပ်၍ ၅ နှင့်မြှောက်ပါက နီးစပ်သောအလေးချိန် ပေါင်ကိုရပါသည်။ ပိဿာသိလိုပါက တစ်ပိဿာလျှင် ၃ ဒသမ ၆ ပေါင် အချိုးအတိုင်း ရှာနိုင်ပါသည်။

mgyoe.com

mgyoe.com

အလျားတိုင်းခြင်းမှာ မြင်း၏ တင်ပါးစွန်းမှ ရှေ့လက်ပြင်ညွှန့်ရိုးအထိ တိုင်းခြင်းဖြစ်ပါသည်။ ရင်လုံးပတ်မှာ ရင်အုံလုံးပတ်ဖြစ်ပါသည်။ ဥပမာ– မြင်းတစ်ကောင်သည် အလျား ၅၅ လက်မ၊ လုံးပတ် ၅၅ လက်မ ရှိသည်ဆို ပါက နှစ်ခုပေါင်း ၁၁၀ ကို ၅ နှင့်မြှောက်ပါက အလေးချိန် ၅၅၀ ပေါင်ရရှိ ခြင်းသည် မြင်း၏အလေးချိန် ဖြစ်ပါသည်။

အတိအကျ တိုင်းတာသည့် ပုံသေနည်းတစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

$$\text{မြင်း၏အလေးချိန် (ပေါင်)} = \frac{\text{အလျားလက်မ} \times (\text{လုံးပတ်လက်မ})^{၂}}{၃၀၀}$$

မြန်မာ့မြင်းကို အနောက်နိုင်ငံသားတို့က မြင်းပုပဟု ခေါ်ကြပါသည်။ ၎င်းတို့၏ မြင်းများသည် တစ်ဟန်ခြွတ်နီးပါးလေးသည်။ မြန်မာမြင်းတို့ကား ပေါင် ၅၀၀ နှင့် ၇၀၀ ကြားဖြစ်၍ အရပ်ဒေါက်မှာလည်း ၁၄ လက်ဝါး ဝန်းကျင်သာရှိသည်။

ဘုရားအလောင်း တောထွက်သောအခါ စီးနင်းတော်မူသည့် ကဏ္ဍကမြင်းသည် ခေါင်းအလွတ် လည်တိုင်မှ တင်ပါးရိုးစွန်းအထိတိုင်းလျှင် ၁၈ တောင်ရှိကြောင်း၊ ထိုအလျားနှင့် လျော်သော လုံးပတ်နှင့် ခရုသင်း ပွတ်သစ် သကဲ့သို့ ကိုယ်လုံးအဖြူဖြစ်ကြောင်းကို ယောမင်းကြီး ဦးဘိုးလှိုင်၏ အဿ ဘေဒကျမ်းတွင် ဖော်ပြထားပါသည်။ ထို့ပြင် ယောမင်းကြီးက ရှေးအခါက မြင်းများကို အရပ် (ဒေါက်) မတိုင်းဘဲ အလျားတိုင်းပါသည်ဟု ဆက်လက် ပြဆိုပါသည်။

မြင်းတို့၏အလေးချိန်ကို တွက်ချက်ရာတွင် နောက်ချွန်းဖင်ရှူး၊ ခေါင်း ကြီးသည်၊ ခေါင်းငယ်သည်၊ ကိုယ်လုံးဝသည်၊ ပိန်သည်ဟူ၍ အမျိုးမျိုးကွဲ ပြားနိုင်ပါသည်။ သို့ဖြစ်၍ အထက်ဖော်ပြပါပုံသေနည်းဖြင့် တွက်ချက်ရရှိကာ အဖြေကိုတစ်ထစ်ချ မှန်သည်ဟု ယူရန်မသင့်ပါ။

တစ်ဖက်တွင်ဖော်ပြမည့် မြင်းတို့၏အလျားနှင့် လုံးပတ်အတိုင်း အတာများအရ ရှိနိုင်မည့်အလေးချိန်ဇယားကို အမှန်နှင့် အနီးစပ်ဆုံးထား၍ ယူဆအသုံးပြုကြပါသည်။

mgyoe.com

mgyoe.com

## မြင်းတစ်ကောင်၏ အလေးချိန် အသင့်တွက်ချက်ပြဇယား

| အလျား / လက်မ | ၄၆ | ၄၇ | ၄၈ | ၄၉ | ၅၀ | ၅၁ | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ | ၅၇ | ၅၈ | ၅၉ | ၆၀ | ၆၂ | ၆၃ | ၆၄ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၄၉ | ၄၀၀ | ၄၀၀ | ၄၂၅ | | | | | | | | | | | | | | | |
| ၅၀ | ၄၀၀ | ၄၀၀ | ၄၂၅ | | | | | | | | | | | | | | | |
| ၅၁ | ၄၀၀ | ၄၀၀ | ၄၂၅ | | | | | | | | | | | | | | | |
| ၅၂ | | ၄၂၅ | ၄၂၅ | ၄၂၅ | ၄၂၅ | ၄၅၀ | | | | | | | | | | | | |
| ၅၃ | | ၄၂၅ | ၄၅၀ | ၄၅၀ | ၄၇၅ | ၄၇၅ | ၄၇၅ | ၅၀၀ | ၅၀၀ | ၅၂၅ | ၅၂၅ | ၅၂၅ | | | | | | |
| ၅၄ | | ၄၅၀ | ၄၇၅ | ၄၇၅ | ၅၀၀ | ၅၀၀ | ၅၀၀ | ၅၂၅ | ၅၂၅ | ၅၂၅ | ၅၅၀ | ၅၅၀ | ၅၅၀ | | | | | |
| ၅၅ | | ၄၅၀ | ၄၇၅ | ၅၀၀ | ၅၂၅ | ၅၂၅ | ၅၂၅ | ၅၂၅ | ၅၂၅ | ၅၅၀ | ၅၅၀ | ၅၅၀ | ၅၅၀ | ၅၅၀ | | | | |
| ၅၆ | | ၄၇၅ | ၅၀၀ | ၅၀၀ | ၅၂၅ | ၅၅၀ | ၅၅၀ | ၅၅၀ | ၅၅၀ | ၅၅၀ | ၅၅၀ | ၅၅၀ | ၅၅၀ | ၅၇၅ | | | | |
| ၅၇ | | ၄၇၅ | ၅၀၀ | ၅၀၀ | ၅၂၅ | ၅၅၀ | ၅၇၅ | ၅၇၅ | ၅၇၅ | ၅၇၅ | ၅၇၅ | ၆၀၀ | ၆၀၀ | ၆၀၀ | ၆၀၀ | | | |
| ၅၈ | | ၅၀၀ | ၅၂၅ | ၅၂၅ | ၅၅၀ | ၅၅၀ | ၅၇၅ | ၅၇၅ | ၅၇၅ | ၅၇၅ | ၅၇၅ | ၆၀၀ | ၆၀၀ | ၆၂၅ | ၆၂၅ | | | |
| ၅၉ | | ၅၀၀ | ၅၂၅ | ၅၂၅ | ၅၅၀ | ၅၇၅ | ၅၇၅ | ၆၀၀ | ၆၀၀ | ၆၀၀ | ၆၀၀ | ၆၂၅ | ၆၂၅ | ၆၅၀ | ၆၅၀ | | | |
| ၆၀ | | ၅၂၅ | ၅၅၀ | ၅၅၀ | ၅၇၅ | ၆၀၀ | ၆၀၀ | ၆၂၅ | ၆၂၅ | ၆၂၅ | ၆၅၀ | ၆၅၀ | ၆၅၀ | ၆၅၀ | ၆၇၅ | ၆၇၅ | | |
| ၆၁ | | ၅၂၅ | ၅၅၀ | ၅၅၀ | ၅၇၅ | ၆၀၀ | ၆၂၅ | ၆၅၀ | ၆၅၀ | ၆၅၀ | ၆၇၅ | ၆၇၅ | ၆၇၅ | ၆၇၅ | ၇၀၀ | ၇၀၀ | | |
| ၆၂ | | ၅၂၅ | ၅၅၀ | ၅၇၅ | ၆၀၀ | ၆၂၅ | ၆၅၀ | ၆၅၀ | ၆၅၀ | ၆၇၅ | ၆၇၅ | ၆၇၅ | ၆၇၅ | ၇၀၀ | ၇၂၅ | ၇၂၅ | ၇၂၅ | |
| ၆၃ | | | | ၅၇၅ | ၆၀၀ | ၆၂၅ | ၆၅၀ | ၆၅၀ | ၆၅၀ | ၇၀၀ | ၇၂၅ | ၇၂၅ | ၇၂၅ | ၇၂၅ | ၇၅၀ | ၇၅၀ | ၇၅၀ | |
| ၆၄ | | | | ၅၇၅ | ၆၀၀ | ၆၂၅ | ၆၅၀ | ၆၇၅ | ၇၀၀ | ၇၂၅ | ၇၂၅ | ၇၅၀ | ၇၅၀ | ၇၇၅ | ၇၇၅ | ၇၇၅ | ၇၇၅ | ၈၀၀ |
| ၆၅ | | | | | | ၆၅၀ | ၆၇၅ | ၇၀၀ | ၇၂၅ | ၇၂၅ | ၇၂၅ | ၇၅၀ | ၇၅၀ | ၈၀၀ | ၈၀၀ | ၈၀၀ | ၈၀၀ | ၈၀၀ |
| ၆၆ | | | | | | ၆၇၅ | ၆၇၅ | ၇၀၀ | ၇၂၅ | ၇၅၀ | ၇၅၀ | ၇၇၅ | ၇၇၅ | ၈၀၀ | ၈၀၀ | ၈၂၅ | ၈၂၅ | ၈၂၅ |

---------- လုံးပတ်လက်မ ----------

mgyoe.com

mgyoe.com

**မြန်မာမြင်းများ အသုံးပြုပုံ**

ရှေးအခါကပင် မြန်မာတို့သည် မြင်းကို စစ်အင်္ဂါလေးပါးတွင် ဖော်ပြကြသည်။ ရတနာတစ်ပါးဟု သတ်မှတ်ပြီး မင်း၊ မှူးမတ်၊ ကလန်၊ သံပျင်များနှင့် တပ်တော်စုဖွဲ့၍ စီးနင်းကိုင်တွယ်ကြသည်။

ပုဂံခေတ် အနော်ရထာမင်း၏ စုက္ကတေးနှင့် မြင်းစီးချင်းထိုးသည့်ပွဲ၊ အလောင်းစည်သူမင်းကြီး၏ မြင်းရေးအစွမ်းပြပွဲ၊ မွန်သူရဲကောင်း သမိန်ပရမ်းနှင့် တရုတ်စစ်သူရဲကောင်းဂါမဏိတို့၏ စီးချင်းထိုးပွဲ၊ မင်းတရားတပင်ရွှေထီး ပဲခူးရွှေမော်ဓောဘုရားသို့ မြင်းတပ်နှင့်သွား၍ နားထွင်းမင်္ဂလာပြုခဲ့သည့်ပွဲ၊ မြင်းစိုင်းသားညီနောင်တို့က တရုတ်ကို အောင်နိုင်လိုက်သည့် မြင်းတပ်သဘင်ပွဲနှင့် အလောင်းမင်းတရားကြီး၏ မြင်းရည်တက် ခြောက်ကျိပ် ရှစ်ယောက်တို့၏ အောင်ပွဲများ စသည့်မြင်းတို့၏ ပွဲအလီလီကို ထောက်ရှုခြင်းအားဖြင့် ရှေးမြန်မာမင်းကောင်းမင်းမြတ်တို့၏ ဘုန်းလက်ရုံးဆန့်တန်းရာသည် မြင်းကောင်းမြင်းသန့်များပေါ် အခြေတည်နေကြောင်း သိရပါသည်။

မြန်မာမင်းအဆက်ဆက် ပြုလုပ်သည့် ပြာသိုလ မြင်းခင်းသဘင်သည် မြန်မာတို့ မြင်းစီးခြင်း၊ မြင်း အသုံးပြုခြင်း၊ မည်မျှကျွမ်းကျင်သည်ကို ပြသသည့်ပွဲဖြစ်ပါသည်။

မြန်မာ့သမိုင်းတစ်လျှောက်တွင် မြန်မာတို့သည် မြင်းတပ်ကြီးများကို စနစ်တကျ ဖွဲ့စည်းခဲ့ပါသည်။ ဆင်ပြီးလျှင် မြင်းသည် အဓိကအင်အားအဖြစ် ကြည်းတပ်တွင် အသုံးပြုခဲ့သည်။ မြင်းတပ်ဖွဲ့များကို နံပါတ်စဉ်သတ်မှတ်ခြင်း မရှိဘဲ ကွပ်ကဲသူအမည်ဖြင့်ဖြစ်စေ၊ မြင်းအမျိုးအစားအလိုက်ဖြစ်စေ၊ အရပ်ဒေသအလိုက်ဖြစ်စေ သတ်မှတ်ဖွဲ့စည်းလေ့ရှိပါသည်။

ဥပမာအားဖြင့် ကွပ်ကဲသူအမည်လိုက်၍ အမည်ပေးထားသော မြင်းတပ်များမှာ တုရင်ကျော်သူမြင်းတပ်၊ တုရင်ရာဇာမြင်းတပ်၊ တုရင်ယော်ဓာမြင်းတပ် စသည်ဖြင့် ဖြစ်၏။ မြင်းအမျိုးအစားအလိုက် မြင်းတပ်များမှာ ကသည်းမြင်းတပ်၊ ရှမ်းမြင်းတပ်၊ အက္ကပတ်မြင်းတပ် စသည်ဖြင့် ဖြစ်၏။ အရပ်ဒေသအလိုက် မြင်းတပ်များမှာ ရွှေပြည်ရန်အောင် မြင်းတပ်၊ နတ်ရှင် ကန်ဆောင်မြင်းတပ်၊ နန်းဦးမြင်းတပ်၊ နန်းတွင်းမြင်းတပ်၊

mgyoe.com

mgyoe.com
လက်ယာ မြင်းတပ်၊ လက်ဝဲမြင်းတပ်၊ ရှေ့မြင်းတပ်၊ နောက်မြင်းတပ် စသည်ဖြင့်ဖြစ်၏။

တပ်တော်စုဖွဲ့ရာတွင် မြင်းသည်ကိုဦးစားပေး၍ ဖွဲ့လေ့ရှိသည်။ နရပတိစည်သူက သားတော်ငါးပါးကိုခေါ်၍ မိန့်မှာချက်ကို လေ့လာနိုင်ပါသည်။

အမှုထမ်းတို့ကို ခြေဆယ်ပွဲရမှ မြင်းတင်ရာသည်။ မြင်းဆယ်ပွဲရမှ ဆင်တင်ရာသည်။ ဆင်ဆယ်ပွဲရမှ လေ့တင်ရာသည်။ လေ့ဆယ်ပွဲရမှ လေးရာပြုမြို့ကို ပေးရာသည်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့တပ်မတော်တွင်လည်း မြင်းတပ်ဖွဲ့ကို ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးတပ်ဆွယ်ဟူ၍ ဖွဲ့ စည်းထားပါသည်။ မြင်းကို တပ်မတော်အပြင် မြန်မာနိုင်ငံ ဆေးဝါး ထုတ်လုပ်ရေးစက်ရုံမှ ဆေးဝါးထုတ်လုပ်ရန်နှင့် သားစပ်မျိုးပွားရန် မွေးမြူကြပါသည်။ အရပ်ဘက်တွင် ဝန်တင်သုံးခိုင်းစေရန် မွေးမြူကြပြီး စီးနင်းရန်အတွက် မွေးမြူသူများမှာ အလွန်နည်းပါးပါသည်။

မြင်းမွေး၍ ခိုင်းမည့်သူတိုင်း လက်စွဲသိသင့်သည်မှာ "သင်သည် မြင်းတစ်ကောင်အား ပထမနှစ်သက်တမ်းအတွင်း ရရှိသင့်သည့် အကျင့် ကောင်းများကို မလေ့ကျင့်ပေးမိလျှင်သော်လည်းကောင်း၊ မရရှိသင့်သည့် အကျင့်ဆိုးများကို ပြုလုပ်မိလျှင်သော်လည်းကောင်း၊ ထိုမြင်း၏ နောက်ပိုင်း ဘဝတစ်လျှောက်လုံးတွင် ယင်းအချက်များအား မည်သို့မျှ ပြုပြင်ပြောင်းလဲ ပေးနိုင်မည် မဟုတ်တော့ပေ" ဟူ၍ပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဤဆောင်ပုဒ်အတိုင်း မြင်းကို ငယ်စဉ်ကပင် အကျင့်ကောင်းများ လေ့ကျင့် ပေး၍ အကျင့်ဆိုးများကို ပယ်ဖျောက်ခဲ့ရန်ပင် ဖြစ်ပါသည်။

## မြင်းအရွယ်ရောက်ခြင်း

မြန်မာမြင်းတို့သည် သုံးနှစ်တွင် အရွယ်ရောက်ပါသည်။ ဝန်တင်ရန်၊ စီးရန်တို့အတွက် ၂၄ လသားတွင် စတင်ကျင့်၍ သုံးနှစ်အရွယ် ရောက်မှသာ စတင်ခိုင်းစေကြပါသည်။ သို့သော် မြင်းလုညည်းဆွဲရန် မြင်းတို့ကိုမူ
mgyoe.com

mgyoe.com

မြင်းလှည်း သမားအများစုသည် လ ၂၀ နှင့် မြင်းကျင့်၍ ၂၄ လတွင် ခိုင်းစေကြရာ ကောင်းသောလက္ခဏာ မဟုတ်ပါပေ။

မြင်းထီးသည် ၁၂ လတွင် စတင်အရွယ်ရောက်၍ မြင်းမသည် ၁၈ လတွင် စတင်မြိုင်ပေါ်ပါသည်။

မြင်း၏အသက်ကို တွက်စစ်ရာတွင် သွားကို စစ်ဆေးကြည့်ရှုကြပါသည်။

### မြင်းသွားပေါက်ခြင်း

မြင်းတို့သည် အမိမှဖွားး၍ ၁၀ ရက်ရှိလျှင် သွားပေါက်သည်။ အမွေးလည်း သုံးခါလဲသည်။ တစ်နှစ်သား နှစ်နှစ်သားတွင် အထက်သွား (ခြောက်ချောင်း)၊ အောက်သွား (ခြောက်ချောင်း) ငယ်သွားစုံပါသည်။ သွားညီပါသည်။ ၂၆ လတွင် သွားချိုးသည်၊ ငယ်သွား ရှေ့နှစ်ချောင်းအပေါ်ဖြစ်စေ၊ အောက်ဖြစ်စေ သွားလဲသည်။ လ ၃၀ တွင် ငယ်သွားပွဲကျန်သည်။ ၃ နှစ် တွင် ခေါင်သွားလဲသည်။ ငယ်သွား အပေါ်လေးချောင်း၊ အောက်သွား လေးချောင်း ချိုးသည်။ ၄ နှစ်တွင် ခေါင်ရံနှစ်ချောင်း လဲသည်။ သွားလေးချောင်း ချိုးပြီး ချိန်တွင် အရွယ်ရောက်သည်ဟု ဆိုပါသည်။ ငယ်သွားနှစ်ချောင်းလဲပြီး အံသွားချသည်။ လေးချောင်းမချိုးမီပင် ဖြစ်ပါသည်။ အသက်အားဖြင့် ၄ နှစ်မှ ၅ နှစ်အတွင်းဖြစ်ပါသည်။

၅ နှစ်တွင် စချွန်နှစ်ချောင်း ဝဲယာလဲပါသည်။ ၆ နှစ်တွင် သွားစင်သည်။ အစွယ်ပေါက်သည်။ သွားစင်သည် ဆိုသည်မှာ ငယ်သွားအကုန်လဲ၍ သွားစုံသည်ကို ဆိုလိုပါသည်။ ၇ နှစ်တွင် ခေါင်သွား ထိပ်မည်းသည်။ ခေါင်ရံလည်း ထိပ်မည်းသည်။ ၈ နှစ်တွင် သွားစွန် ဝဲယာမည်းသည်။ ၉ နှစ်တွင် ခေါင်သွား ထိပ်ရွှေသည်။ ထိပ်ရွှေသည်ဆိုသည်မှာ ထိပ်တုံးလာခြင်း ဖြစ်ပါသည်။ ၁၀ နှစ်တွင် ခေါင်ရံသွား ထိပ်ရွှေသည်။ ၁၁ နှစ်တွင် သွားစွန် ထိပ်ရွှေသည်။ ၁၂ နှစ်တွင် ခေါင်သွား ထိပ်ဖြူသည်။ ၁၃ နှစ်တွင် ခေါင်ရံ ထိပ်ဖြူသည်။ ၁၄ နှစ်တွင် သွားစွန် ထိပ်ဖြူသည်။ ထိပ်ဖြူသည်ဆိုသည်မှာ သွားတုံး၍ အနှစ်ပေါ်ခြင်းကို ဆိုပါသည်။ ၁၅ နှစ်တွင် ခေါင်သွား ရှည်ပြန်

mgyoe.com

mgyoe.com

သည်။ ၁၇ နှစ်တွင် သွားစွန် ရှည်သည်။ အစွယ်လည်း ရှည်သည်။ သွားရှည်ခြင်းမှာ သွားပို၍ ရှည်ထွက်လာခြင်း ဖြစ်သည်။ ၁၈ နှစ်တွင် ခေါင်သွားထိပ်ကျားသည်။ ၁၉ နှစ်တွင် ခေါင်ရံထိပ်ကျားသည်။ ၂၀ နှစ်တွင် သွားစွန်ထိပ်ကျားသည်။ ၂၁ နှစ်တွင် ခေါင်သွား အရင်းကျားသည်။ ၂၂ နှစ်တွင် ခေါင်ရံ အရင်းကျားသည်။

၂၃ နှစ်တွင် အစွန်သွား ကျားသည်။ သွားကျားသည်ဆိုသည်မှာ အညို၊ အဖြူ အစင်းလိုက်ပေါ်လာခြင်းဖြစ်သည်။ ၂၄ နှစ်တွင် ခေါင်သွားနဲ့သည်။ ၂၅ နှစ်တွင် ခေါင်ရံသွားနဲ့သည်။ ၂၆ နှစ်တွင် အစွန်သွားနှစ်ချောင်းနဲ့သည်။ ၂၇ နှစ်တွင် ခေါင်သွားနှစ်ချောင်း ကျွတ်သည်။ ၂၈ နှစ်တွင် ခေါင်ရံသွား ကျွတ်သည်။ ၂၉ နှစ်တွင် အစွန်သွားနှစ်ချောင်း ကျွတ်သည်။ ၃၀ နှစ်တွင် အလယ်ခေါင်သွား ပေါက်ပြန်သည်။ ထိုအခါ အသက်အပိုင်းအခြားကုန်သည်ဟု မြင်းကျမ်းများတွင် ဖော်ပြထားပါသည်။

ဟရနခံ၊ မြင်းတို့၏ ပရမာယုပါ၊ အသက်အတိုင်းအရှည်ကား၊ ဒွိတြိသုံးဆယ်နှစ်နှစ်တည်း၊ ခရဟရတယော– မြည်း၊ ကုလားအုပ်တို့၏ အသက်ကား ပဉ္စကတ္တုတိ နှစ်ဆယ့်ငါးနှစ်၊ သတ္တာယုပ္ပိမဟာသယော၊ နွား၊ ကျွဲစသော သတ္တဝါတို့၏ အသက်ကား၊ ဝီရဝါတဆယ့်လေးနှစ်တည်း၊ ကာဂါခိနံ ဆိတ်တို့၏အသက်ကား၊ ဒကေသဟိတ် ခြောက်နှစ်တည်းဟူ၍ ကျမ်းများတွင် လာရှိပါသည်။

### မြန်မာခိုင်းမြင်းများ ရွေးချယ်ခြင်း

မြင်းကောင်းမြင်းသန့် ရွေးချယ်ရန်အချက်များကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော် အောက်ပါအချက်များကို ယနေ့လက်တွေ့နှင့် ရေမြေသဘာဝများအရ ဖြည့်စွက်ရွေးချယ်နိုင်ရန် အနည်းငယ်မျှ ထပ်မံတင်ပြလိုက်ပါသည်။

ယေဘုယျအားဖြင့် ခိုင်းမြင်းတစ်ကောင်ကို အောက်ပါအတိုင်း ရွေးချယ်နိုင်ကြသော်လည်း မြင်းသမားအချင်းချင်း အကြိုက်ချင်း ညီညွတ်မည်ဟု မထင်ပါ။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ရှိကောင်းရှိမည်

mgyoe.com